မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၁ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၆ ရက်၊ ၂၀၁၀ ခုနှစ်၊ ဧပြီ ၄ ရက်၊ တနင်္ဂနွေနေ့၊ အတွဲ (၄၉)၊ အမှတ် (၁၈၆)

နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄) ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့ အထက်စက်တော်ရာဘုရားအား ဖူးမြော်ကြည်ညိုကြစဉ်။ (သတင်းစဉ်)

ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်ဇနီး ဒေါ်မြမြစန်းနှင့် အဖွဲ့ဝင်များ

မန်းရွှေစက်တော်ရာဘုရားနှင့် မကွေးမြသလွန်စေတီတော်မြတ်ကြီးတို့အား ဆွမ်း၊ သစ်သီး၊ ပန်း၊ ရေချမ်း၊ ဆီမီးတို့ကို ကပ်လှူပူဇော် ဖူးမြော်ကြည်ညို

နေပြည်တော် ဧပြီ ၃

မကွေးမြို့၌ ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းနှင့် အဖွဲ့ဝင်များသည် ယနေ့နံနက်ပိုင်းတွင် မကွေးမြို့မှ ရဟတ်ယာဉ်များဖြင့် ထွက်ခွာခဲ့ကြရာ မင်းဘူးခရိုင် မင်းဘူး-စကုမြို့နယ်ရှိ မန်းရွှေစက်တော်ရာဘုရားသို့ နံနက်ပိုင်းတွင် ရောက်ရှိကြသည်။

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်မှူးကြီးနှင့် ဇနီးနှင့်အဖွဲ့ဝင်များသည် အထက်စက်တော်ရာဘုရားအား ဆွမ်း၊ သစ်သီး၊ ပန်း၊ ရေချမ်း၊ ဆီမီးနှင့် အမွှေးတိုင်တို့ကို ကပ်လှူပူဇော် ဖူးမြော်ကြည်ညိုကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ ●



နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး အထက်စက်တော်ရာဘုရား၏ သဘာဝပတ်ဝန်းကျင်အခြေအနေနှင့် ဘုရားအခြေခံအုတ်တံတိုင်း ခိုင်ခံ့မှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၁၀ခုနှစ် ဧပြီ ၄ ရက်)

မြန်မာ့သဘာဝအလှ ရှုခင်းပသာဒနှင့် ပကတိအခြေအနေမှန် လူထုဆက်သွယ်ရေးပညာဖြင့် ထုတ်ဖော်ပြသနိုင်ပြီ

ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့်ရုပ်မြင်သံကြားက လက်ရှိထုတ်လွှင့်လျက်ရှိသော MRTV-3 အစီအစဉ်များအား အသွင်သဏ္ဌာန် အနှစ်သာရပါ ပြောင်းလဲကာ Myanmar International ရုပ်သံလိုင်းအဖြစ် စတင်ထုတ်လွှင့်ခြင်းအခမ်းအနားကို မတ်လ ၃၁ရက်နေ့က နေပြည်တော်တပ်ကုန်းရှိ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား အဆောက်အအုံဥပစာ၌ ကျင်းပခဲ့သည်။

မီဒီယာများအနက် ရုပ်မြင်သံကြားနှင့် သတင်းစာ၊ ဂျာနယ်နှင့် မဂ္ဂဇင်းတို့သည် တိုင်းရင်းသားပြည်သူများအတွင်း သတင်းပြန်ကြားမှုနှင့် ပညာပေးမှုတွင် အထိရောက်ဆုံး စွမ်းဆောင်နိုင်ကြသည်။ လူထုဆက်သွယ်ရေးလုပ်ငန်းဖြစ်၍ ရုပ်မြင်သံကြားသည် ပြည်သူနှင့်အရင်းနှီးဆုံးနှင့် အထိရောက်ဆုံးသော မီဒီယာဖြစ်သည်။

Myanmar International ရုပ်သံလိုင်းမှတစ်ဆင့် မြန်မာနိုင်ငံသည် ရိုးရာယဉ်ကျေးမှုအစဉ်အလာများကို ကျင့်သုံးထိန်းသိမ်းလျက် ခေတ်မီဖွံ့ဖြိုးတိုးတက်လျက်ရှိမှုများ၊ ပြင်ပကမ္ဘာမှ မြန်မာနိုင်ငံအကြောင်းကို ထဲထဲဝင်ဝင် သိရှိတွေ့မြင်နိုင်မှုများ၊ မြန်မာနိုင်ငံအတွင်း နေထိုင်သော တိုင်းရင်းသားလူမျိုး ၁၀၀ကျော်တို့သည် ပြည်နယ်နှင့်တိုင်း ၁၄ခုအတွင်း မှီတင်းနေထိုင်မှု ပုံစံအဝဝကို သိရှိခံစား ထိတွေ့ကြရမည်ဖြစ်သည်။

ထို့ပြင် မြန်မာနိုင်ငံ၏ သဘာဝသယံဇာတအရင်းအမြစ်များ ပေါကြွယ်ဝမှု၊ သဘာဝကဖန်တီးပေးထားသည့် နှင်းတောင်များ၊ အမြဲစိမ်း အပူပိုင်းသစ်တောများ၊ ပင်လယ်ကမ်းခြေများ၊ ထူးခြားဆန်းပြားသော သန္တာကျောက်တန်းများနှင့် မြစ်ကြီးများတည်ရှိမှုတို့ကို မြန်မာအင်တာ နေရှင်နယ် ရုပ်သံလိုင်းမှတစ်ဆင့် တွေ့မြင် ခံစားနိုင်ကြမည်ဖြစ်သည်။

မြန်မာအင်တာနေရှင်နယ်၏ အင်္ဂလိပ်ဘာသာ အစီအစဉ်များသည် မြန်မာတို့ ပြင်ပကမ္ဘာနှင့် ပိုမိုထိတွေ့ ရင်းနှီးစေမည်ဖြစ်၍ နှစ်သက်ပျော်ရွှင် စေမည့်အပြင် ရိုးသားပွင့်လင်းပြီး ဖော်ရွေသည့် မြန်မာတို့၏ ပင်ကိုစိတ်ဓာတ်တို့ကိုလည်း သိရှိလာကြမည်ဖြစ်၍ ပြင်ပကမ္ဘာအနေဖြင့်လည်း မြန်မာတို့၏ ပကတိအရှိတရားကို သိမြင်နားလည်နိုင်ကြမည်ဖြစ်သည်။

မြန်မာအင်တာနေရှင်နယ် ရုပ်သံအစီအစဉ်ကို မြောက်အမေရိကဒေသ၊ ဥရောပဒေသ၊ ဩစတြေးလျနှင့် နယူးဇီလန်ဒေသ၊ တရုတ်နှင့်အိန္ဒိယ ဒေသ၊ အင်ဒိုချိုင်းနားဒေသတို့မှ ၂၄နာရီပတ်လုံးဖမ်းယူကြည့်ရှုနိုင်ကြပြီဖြစ်ရာ မြန်မာနိုင်ငံ၏သဘာဝအလှရှုခင်းပသာဒနှင့်သယံဇာတများ၊ အရင်းအမြစ်များ ပေါကြွယ်မှုနှင့် အေးချမ်းသာယာနေသည့် ပကတိအခြေအနေများကို တွေ့မြင်ခံစားနိုင်ကြပြီဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၄-၄-၂၀၁၀(တနင်္ဂနွေနေ့)

နံနက်ပိုင်း

- ၅း၀၀ MRTV-4 အဖွင့် Logo၊ ပဋ္ဌာန်းပါဠိတော်+ ပရိတ်နိဒါန်း မင်္ဂလသုတ်
- ၅း၁၅ MRTV-4 သတင်း
- ၆း၀၀ ဆရာတော်ဘဒ္ဒန္တကဥ္စနသာရ ဟောကြားတော်မူသော တရားတော်
- ၇း၀၀ MRTV-4 သတင်း
- ၇း၄၅ ဗီဒီယိုပြခန်း
- ၈း၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ကြည်နူးဝေဖြာ မေတ္တာကမ္ဘာ** (အပိုင်း-၇၀)
- ၈း၃၀ Sports World (Sunday Special)
- ၈း၅၅ ခါသကြီးန်အဆိုအက
- ၉း၁၀ အနုပညာရပ်ဝန်းမှ ရင်ခုန်သံများ **ဝါဆိုဖယောင်းတိုင်**
- ၉း၄၀ Sunday Talk မျိုးမြတ်သူ၊ ကိုကို(စက်မှုတက္ကသိုလ်)
- ၁၀း၅၀ Activities in the City ဟံသာဝတီလမ်းလေးလမ်းသွား ကွန်ကရစ်လမ်းဖွင့်ပွဲ
- ၁၀း၅၅ ဆီမီလယ်နှင့်တွေ့ဆုံခြင်း
- ၁၁း၁၀ အလင်း၄ က်တို့တေးဖွဲ့သီ… မြို့မြောက်ဦးသို့ရည်
- ၁၁း၂၀ ပုံဖော်ထုဆစ်အနုလက်ရာ ကျောက်စိမ်း၊ ပန်းပုရုပ်အသွင်မှာ
- ၁၁း၃၅ ခြေခြေမြစ်မြစ်နှစ်နှစ်ကာကာ ချစ်တဲ့ကာလပေါ်တေးအရသာ (ဂီတရိပ်သာ-၁)
- ၁၁း၅၅ လောကကို အလှဆင်မည့် ပန်းများရဲ့ဥယျာဉ်
- ၁၂း၁၀ ဈေးဝယ်လမ်းညွှန် (b' coz Fashion Centre)
- ၁၂း၃၅ ခါသကြီးန်အဆိုအက
- ၁း၀၀ ဆရာတော်ဘဒ္ဒန္တကဥ္စနသာရ ဟောကြားတော်မူသော တရားတော်
- ၂း၀၀ MRTV-4 သတင်း
- ၂း၄၅ စကားနပန်း (ကလေးဖြစ်တာကောင်းတယ်၊ လူကြီးဖြစ်တာကောင်းတယ်)
- ၃း၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ကြည်နူးဝေဖြာ မေတ္တာကမ္ဘာ** (အပိုင်း-၇၀)
- ၄း၁၀ ခါသကြီးန်အဆိုအက
- ၄း၂၅ Activities in the City (ဟံသာဝတီလမ်းလေးလမ်းသွား ကွန်ကရစ်လမ်းဖွင့်ပွဲ)
- ၄း၃၀ ဆီမီလယ်နှင့်တွေ့ဆုံခြင်း
- ၄း၄၀ မမများအဖွဲ့၏အက ကြိုတင်လေ့ကျင့်နေမှုများ
- ၄း၅၅ ပုံဖော်ထုဆစ်အနုလက်ရာ ကျောက်စိမ်း၊ ပန်းပုရုပ်အသွင်မှာ
- ၅း၁၀ အမျိုးသားများနှင့် ပတ်သက်သော အကြောအဆစ်ရောဂါအကြောင်း သိကောင်းစရာ(အပိုင်း-၁) (ဒေါက်တာပန်ဒိုရာအောင်ကြီး၊ နေတိုး၊ ထွန်းထွန်း၊ မိုးမိုး၊ ကျော်ကျော်ဗို)
- ၅း၃၀ MRTV-4 ကာတွန်းအစီအစဉ်
- ၆း၀၀ MRTV-4 သတင်း
- ၆း၂၀ ခေတ်ပြိုင်ဂီတမှတ်တိုင်များ (တင်အောင်မိုး)
- ၆း၅၀ ဗီဒီယိုပြခန်း
- ၇း၀၅ ဈေးဝယ်လမ်းညွှန် (b'coz Fashion Centre)
- ၇း၂၅ FMF Selection
- ၈း၀၀ MRTV-4 သတင်း
- ၈း၃၀ စကားနပန်း (ကလေးဖြစ်တာကောင်းတယ်၊ လူကြီးဖြစ်တာကောင်းတယ်)
- ၉း၂၅ Barclays Premier League (Everton Vs West Ham)
- ၁၁း၂၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ကြည်နူးဝေဖြာ မေတ္တာကမ္ဘာ** (အပိုင်း-၇၀)
- ၁၁း၅၅ ခြေခြေမြစ်မြစ်နှစ်နှစ်ကာကာ ချစ်တဲ့ကာလပေါ်တေးအရသာ (ဂီတရိပ်သာ-၁)
- ၁၂း၁၅ သီးနှံစိုက်ပျိုးအထွက်တိုး **စားသုံးဆီဖူလုံဖို့နေကြာအထွက် တိုးအောင် စိုက်ကြစို့**
- ၁၂း၂၀ ဇီဝိတဒါနသွေးလှူဖို့ သွေးအားပြည့်အောင်နေကြစို့ ၄က်ပျောကြော၊ ချစ်သုဝေ၊ မိုးယုစံ၊ မီးမီးသုခ(ဒါရိုက်တာ-ကိုရွှေမိုးသက်)
- ၁၂း၃၀ အနုပညာရပ်ဝန်းမှ ရင်ခုန်သံများ **ဝါဆိုဖယောင်းတိုင်**

MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

Barclays Premier League ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၈း၂၅	Birmingham-Liverpool	ESPN(Live)
၉း၂၅	Everton-West Ham	Star Sports (Live)
၁၁း၀၀	Fulham-Wigan	ESPN(SDD)

နေပြည်တော် တပ်ကုန်း စစ်မှုထမ်းဟောင်းအဖွဲ့သို့ အလှူငွေများလှူဒါန်း

နေပြည်တော် ဧပြီ ၃

နေပြည်တော်တပ်ကုန်း မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့သည် (၆၅)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ်အခမ်းအနားကို မတ် ၂၇ ရက် နံနက် ၉ နာရီက မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ရုံး တိုးချဲ့ခန်းမသစ်၌ ကျင်းပသည်။

ထောက်ပံ့ပေးအပ်

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးနေအောင်နှင့် မြို့နယ်စည်းရုံးရေးကော်မတီဥက္ကဋ္ဌ ဗိုလ်ကြီး အောင်မြင့်ကို (ငြိမ်း)တို့က အမှာစကားပြောကြား၍ အသက်(၇၅)နှစ်အထက် စစ်မှုထမ်းဟောင်း အဖွဲ့ဝင် ၅၈ ဦးတို့အား တစ်ဦးလျှင် ငွေကျပ်တစ်သောင်းစီနှင့် အဖွဲ့ဝင် ၂၇၀ တို့အား တစ်ဦးလျှင်ငွေကျပ် သုံးထောင်စီကို ထောက်ပံ့ပေးအပ်သည်။

ထည့်ဝင်လှူဒါန်း

ထို့နောက် မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ **(အောက်ပုံ)** က ငွေကျပ် ၁၇၅၀၀၀နှင့် မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုဌာနချုပ်မှ ဌာနကြီးမှူး ဒုတိယဗိုလ်မှူးကြီး တင့်ဝေ(ငြိမ်း) က အလှူငွေကျပ် ငါးသောင်း ထည့်ဝင်လှူဒါန်းသည်။

(မြို့နယ် ပြန်/ဆက်)

ရေသန့်စင်စက်ရုံနှင့် ရေတွန်းစက်ရုံတည်ဆောက်ရေးလုပ်ငန်း မန္တလေးမြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန် ကြည့်ရှုစစ်ဆေး

မန္တလေး ဧပြီ ၃

မန္တလေးမြို့တော်စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ် ဖုန်းဇော်ဟန်သည် ကော်မတီဝင် ဦးမြင့်သိန်း နှင့် ဌာနမှူးများလိုက်ပါလျက် မတ် ၁၃ရက် ညနေ ၄နာရီက မန္တလေးမြို့ပတ် ကမ်းနား လမ်းအနီး ကျွဲစွန်းနှင့်ညောင်ကွဲအကြား၌ ဧရာဝတီမြစ်ရေအသုံးပြု၍ တစ်ရက်လျှင် ရေဂါလန် ၁၀သန်း ဖြန့်ဖြူးနိုင်မည့် ရေသန့် စင်စက်ရုံနှင့် အမှတ် (၈)ရေတွန်းစက်ရုံ တည်ဆောက်ရေးလုပ်ငန်းခွင်အတွင်း စက်ယန္တရားကြီးများဖြင့် လုပ်ငန်းဆောင်ရွက် နေမှုနှင့် ဧရာဝတီမြစ်မှ ရေယူအဆောက် အအုံတည်ဆောက်နိုင်ရေးအတွက်ဆောင်ရွက် နေသောလုပ်ငန်းများကို လှည့်လည် ကြည့်ရှုစစ်ဆေးပြီး မြို့တော်ဝန်က မန္တလေး မြို့နေပြည်သူများ သောက်သုံးရေ ပိုမိုရရှိ စေရန် လုပ်ငန်းများအလိုက် စနစ်တကျ အကောင်အထည်ဖော် ဆောင်ရွက်သွားရေး နှင့် အခြားလိုအပ်သည်များကို ရေနှင့် သန့်ရှင်းမှုဌာန ဌာနခွဲမှူးနှင့် တာဝန်ခံ အင်ဂျင်နီယာများအား မှာကြားပြီး လိုအပ် သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

မှာကြား

ဆက်လက်၍ မြို့တော်ဝန်နှင့်အဖွဲ့သည် မန္တလေးမြို့ပတ် ကမ်းနားလမ်းတစ်လျှောက် ကျွဲစွန်းနှင့်လှပရေးရှမ်းကလေးကျွန်းအကြား သန့်ရှင်းသာယာလှပရေး၊ လမ်းပြုပြင် ထိန်းသိမ်းရေး လုပ်ငန်းဆောင်ရွက်နေမှု များကို လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန် ရှိသူများအားလိုအပ်သည်များမှာကြားသည်။

ထိုမှတစ်ဆင့် မြို့တော်ဝန်နှင့်အဖွဲ့သည် မန္တလေးကန်တော်ကြီးဒေသ သန့်ရှင်းသာ ယာလှပရေးအတွက် ဆောင်ရွက်နေသော လုပ်ငန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေး ပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြား ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် မြို့တော်ဝန်နှင့်အဖွဲ့သည် သင်္ဂဇာချောင်း ပတ်လမ်းတစ်လျှောက် သန့်ရှင်းသာယာလှပရေးအတွက် ဆောင် ရွက်နေသောလုပ်ငန်းများကို လိုက်လံကြည့်ရှု စစ်ဆေးပြီး(**အပေါ်ပုံ**)သန့်ရှင်းရေးဌာန ဌာန မှူးနှင့် တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေး ခဲ့သည်။ (၁၁၃)

ရန်ကုန်မြို့ ဒဂုံမြို့သစ်(တောင်ပိုင်း) အောင်ဇေယျအိမ်ရာနေ နှစ်ဖက်သော မိဘများအား အမှူးထား၍ ကိုတင်နိုင်ဦး-မဇင်မာလွင် မိသားစုက လေးထပ်ဘိုးဘွားဆောင်သစ်နှင့် ဆွမ်း၊ ဆေးပဒေသာပင် ငွေကျပ်ငါးသိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာအမှုဆောင်အဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးသိန်းအောင်ထံ ပေးအပ်လှူဒါန်းစဉ်။

(ဘိုးဘွားရိပ်သာ)

တောင်တွင်းကြီး စည်ပင်သာယာ မြို့တွင်းလမ်း ကတ္တရာခင်း

တောင်တွင်းကြီး ဧပြီ ၃

တောင်တွင်းကြီးမြို့နယ် စည်ပင် သာယာရေးအဖွဲ့က ၂၀၀၉-၂၀၁၀ ဘဏ္ဍာ ရေးနှစ်အတွင်း လျာထားဆောင်ရွက်သည့် တောင်ပြင် (၂)ရပ်ကွက် ငမင်လမ်းသွယ် ၂ လမ်း လမ်းအရှည်ပေ ၅၀၀၊ အကျယ် ၁၂ပေအား ကတ္တရာလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို မတ် ၂၀ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင် အရာရှိ ဦးမောင်ဝင်းနှင့် အင်ဂျင်နီယာမှူး ဦးနိုင်လင်းမောင်တို့ ကြည့်ရှုစစ်ဆေးကြ သည်။

(မြို့နယ်စည်ပင်)

● *ရွှေဖုံးမှ*

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးနှင့်အဖွဲ့ဝင်များသည် အထက်စက်တော်ရာဘုရားအား ရွှေသင်္ကန်းကပ်လှူကြပြီး အထက်စက်တော်ရာခြေတော်ပွားကို ကြည်ညိုကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်မှူးကြီးသည် အထက်စက်တော်ရာဘုရား၏ သဘာဝပတ်ဝန်းကျင်အခြေအနေနှင့် ဘုရားအခြေခံအုတ်တံတိုင်း ခိုင်ခံ့မှုအခြေအနေတို့ကို ကြည့်ရှုသည်။

ပေးအပ်လှူဒါန်း

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးသည် ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် မှတ်တမ်းတင်လက်မှတ်ရေးထိုးပြီး အထက်စက်တော်ရာဘုရားအတွက် အလှူငွေများကို ဂေါပကအဖွဲ့ထံ ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်မှူးကြီးနှင့်အဖွဲ့ဝင်များသည် အောက်စက်တော်ရာဘုရားသို့ သွားရောက်၍ ဆွမ်း၊ သစ်သီး၊ ပန်း၊ ရေချမ်း၊ ဆီမီးနှင့် အမွှေးတိုင်တို့ကို ကပ်လှူပူဇော် ဖူးမြော်ကန်တော့ကြသည်။

ကပ်လှူပူဇော်

ယင်းနောက် ဒုတိယဗိုလ်ချုပ်မှူးကြီးနှင့်အဖွဲ့ဝင်များသည် အောက်စက်တော်ရာ ဗုဒ္ဓခြေတော်ရာအား ရွှေသင်္ကန်းများ ကပ်လှူပူဇော်ကြည်ညိုကြသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့ မကွေးမြသလွန်စေတီတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုကြစဉ်။ (သတင်းစဉ်)

ထို့နောက် ဗိုလ်ချုပ်ကြီးသူရရွှေမန်းသည် အောက်စက်တော်ရာဘုရားအတွက် အလှူငွေများကို ဂေါပကအဖွဲ့ထံ ပေးအပ်လှူဒါန်းသည်။

ပြန်လည်ထွက်ခွာ

ယင်းနောက် ဒုတိယဗိုလ်ချုပ်မှူးကြီးနှင့်အဖွဲ့ဝင်များသည် မန်းရွှေစက်တော်ရာဘုရားမှ ရဟတ်ယာဉ်များဖြင့် ပြန်လည်ထွက်ခွာခဲ့ကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးနှင့်အဖွဲ့ဝင်များသည် မွန်းလွဲပိုင်းတွင် မကွေးမြသလွန်စေတီတော်မြတ်ကြီးသို့ ရောက်ရှိကြသည်။

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်မှူးကြီးနှင့်အဖွဲ့ဝင်များသည် မကွေးမြသလွန်စေတီတော်မြတ်ကြီးအား ဆွမ်း၊ သစ်သီး၊ ပန်း၊ ရေချမ်း၊ ဆီမီးနှင့် အမွှေးတိုင်တို့ကို ကပ်လှူပူဇော် ဖူးမြော်ကြည်ညိုကြသည်။

ထို့နောက် အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးက စေတီတော်မြတ်ကြီးအတွက် အလှူငွေများကို ဂေါပကအဖွဲ့ထံ ပေးအပ်လှူဒါန်းသည်။

လက်မှတ်ရေးထိုး

ယင်းနောက် ဒုတိယဗိုလ်ချုပ်မှူးကြီးနှင့်အဖွဲ့ဝင်များသည် စေတီတော်မြတ်ကြီး၏ ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် မှတ်တမ်းတင် လက်မှတ်ရေးထိုးကြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်မှူးကြီးနှင့်အဖွဲ့ဝင်များသည် စေတီတော်မြတ်ကြီး ဘက်စုံပြုပြင်မွမ်းမံထားရှိမှုများကို လှည့်လည်ကြည့်ရှု ကြည်ညိုကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်မှူးကြီးနှင့်အဖွဲ့ဝင်များသည် မကွေးမြသလွန်စေတီတော်မြတ်ကြီးမှ ပြန်လည်ထွက်ခွာခဲ့ကြသည်။

(သတင်းစဉ်)

မန်းရွှေစက်တော်ရာဘုရားရှိ အောက်စက်တော်ရာ ဗုဒ္ဓခြေတော်ရာကို ဖူးတွေ့ရစဉ်။ (သတင်းစဉ်)

သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းပွဲ ကျင်းပမည်

နေပြည်တော် ဧပြီ ၃

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက အမိန့်ကြော်ငြာစာအမှတ်(၁/၂၀၁၀)ဖြင့် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းခဲ့ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းမည့် အခမ်းအနားကို ၁၃၇၂ခုနှစ် ကဆုန်လပြည့် (၂၀၁၀ခုနှစ် ဧပြီ ၂၇ရက်)အင်္ဂါနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော် ဥပ္ပါတသန္တိကုန်းမြေ သာသနာ့မဟာဗိမာန်တော်ကြီး၌ ကျင်းပမည်ဖြစ်ပါ၍ ဘွဲ့ခံဆရာတော်များနှင့် သီလရှင်ဆရာကြီးများသည် ၁၃၇၂ ခုနှစ် ကဆုန်လဆန်း ၁၂ရက် (၂၀၁၀ခုနှစ် ဧပြီ ၂၄ ရက်)ထက် မစော၊ ၁၃၇၂ ခုနှစ် ကဆုန်လဆန်း ၁၃ရက်(၂၀၁၀ခုနှစ် ဧပြီ ၂၅ ရက်)ထက် နောက်မကျစေဘဲ နေပြည်တော်သို့ ကြွရောက်ပါမည့်အကြောင်း ပင့်စာများဖြင့် ပင့်လျှောက်ထားပြီးဖြစ်ကြောင်း၊ ပင့်စာများအချိန်မီမရောက်ရှိပါက အထက်ပါနေ့ရက်များတွင် နေပြည်တော်သို့ ကြွရောက်ပါရန် ပင့်လျှောက်ပါကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

(သတင်းစဉ်)

* *ကျောဖုံးမှ*

တက်ရောက်

အဆိုပါဂုဏ်ပြုညစာစားပွဲသို့ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးခင်မောင်စိုးနှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံသံအမတ်ကြီး H. E. Mr. Chu Cong Phung နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ နိုင်ငံတော်တီးဝိုင်းက ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံနှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်တို့၏ နိုင်ငံတော်သီချင်းများကို ဂုဏ်ပြုတီးမှုတ်ကြသည်။

ဖျော်ဖြေတင်ဆက်

ဂုဏ်ပြုညစာ မသုံးဆောင်မီနှင့် ညစာသုံးဆောင်နေစဉ်အတွင်း မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့နှင့် တွဲဖက်၍ တေးသံရှင်များက တေးသံသာများဖြင့်လည်းကောင်း၊ ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များက မြန်မာ့ရိုးရာယဉ်ကျေးမှု အကပဒေသာများဖြင့်လည်းကောင်း ဧည့်ခံဖျော်ဖြေ တင်ဆက်ကြသည်။

ဂုဏ်ပြုညစာသုံးဆောင်အပြီးတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်က ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ငုယင်တန်ဇွန်းအား ခရီးစဉ်မှတ်တမ်းတင် ဓာတ်ပုံအယ်လ်ဘမ်ကို ပေးအပ်သည်။

နှုတ်ဆက်အားပေး

ယင်းနောက် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ငုယင်တန်ဇွန်းက ဧည့်ခံဖျော်ဖြေကြသော အနုပညာရှင်များအား ဂုဏ်ပြုပန်းခြင်း ပေးအပ်ပြီး ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးသည်။ **(သတင်းစဉ်)**

ဖျာပုံမြို့နယ် အမာမြို့ စည်ပင်သာယာရေးအဖွဲ့မှ လမ်းဘေးဝဲယာချုံနွယ်များ ရှင်းလင်းခြင်း၊ မြို့ဝင်ဆိုင်းဘုတ်ပန်းအလှပင်များ စိုက်ပျိုးခြင်းကို မြို့နယ်တာဝန်ခံ ဒုတိယဦးစီးမှူး ဦးကျော်ကျော်နိုင်နှင့် အငယ်တန်း အင်ဂျင်နီယာ-၂ ဦးဇေယျာလင်းတို့က ကြီးကြပ်ဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

ရေထွက်ပစ္စည်းများ တင်ပို့ရောင်းချမှု ကလေးခရိုင် ငါးလုပ်ငန်းဦးစီးမှူး စစ်ဆေး

ကလေး ဧပြီ ၃

ကလေးခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးဝင်းတင်သည် တမူးမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးတင်ထွန်း၊ တမူးမြို့နယ် ငါးလုပ်ငန်းအဖွဲ့ချုပ်မှ ဦးမြင့်ဦး၊ ရွှေစည်စိုးကုမ္ပဏီမန်နေဂျင်းဒါရိုက်တာ ဦးဝင်းမြင့်တို့နှင့်အတူ မတ် ၁၇ ရက်က တမူးမြို့နယ် နန်းဖာလုံဈေးသို့ သွားရောက်ပြီး ရေထွက်ပစ္စည်းများ တင်ပို့ရောင်းချမှု၊ ငါးကျပ်တင်ခြောက်နှင့် ဆားပေါ့ငါးခြောက်များ လာရောက်ဝယ်ယူမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ဆွေးနွေး

ဆက်လက်၍ ခွန်မွန်းနွန်ကျေးရွာ ဦးခွန်ခိုကမ်း၏ငါးမွေးမြူကန်သို့ သွားရောက်ပြီး ကြီးထွားနှုန်းကောင်းမွန်သော မြက်စားငါးကြင်း၊ ရွှေဝါငါးကြင်း၊ ငါးကြင်းဖြူများကို မွေးမြူကြရန်နှင့် စနစ်တကျမွေးမြူပါက စီးပွားရေးအရ အလားအလာကောင်းများ ရရှိကြောင်း ဆွေးနွေးကြသည်။ **(ခရိုင် ပြန်/ဆက်)**

ရုရှားနှင့်ဗင်နီဇွဲလား ကဏ္ဍစုံ ပူးပေါင်းဆောင်ရွက်မည်

ကရာကတ်စ် ဧပြီ ၃

ရုရှားနိုင်ငံနှင့်ဗင်နီဇွဲလားနိုင်ငံတို့သည် စွမ်းအင်ကဏ္ဍ၊ စက်မှုကဏ္ဍ၊ ပို့ဆောင်ရေး

ရုရှားဝန်ကြီးချုပ် ဗလာဒီမာပူတင်

ကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ၊ ပညာရေးကဏ္ဍနှင့်စိုက်ပျိုးရေးကဏ္ဍကဲ့သို့သော ကဏ္ဍများတွင် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးအတွက် ရုရှားဝန်ကြီးချုပ် ဗလာဒီမာပူတင်နှင့်ဗင်နီဇွဲလားသမ္မတ ဟူဂိုချာဗက်ဇ်တို့သည် ဧပြီ၂ရက်က သဘောတူစာချုပ်များကို လက်မှတ်ရေးထိုးကြသည်။

ကြေညာ

ရုရှား-ဗင်နီဇွဲလား သတ္တမအကြိမ် ပူးတွဲအစည်းအဝေးပွဲတွင် ရုရှားဒုတိယဝန်ကြီးချုပ် အိုက်ဂေါ်စီချင်နှင့် ဗင်နီဇွဲလားဒုတိယသမ္မတ အီလီးရတ်ဂျော်ဟာမီလာနိုတို့က အထက်ပါအတိုင်း ထုတ်ပြန်ကြေညာခြင်းဖြစ်သည်။

ပြောကြား

သဘာဝဓာတ်ငွေ့အန္တရာယ် ကာကွယ်ရေးနှင့် သတိပေးရေးဆိုင်ရာ အမျိုးသားဌာနတည်ထောင်ရေးကို ရုရှားနိုင်ငံက ဗင်နီဇွဲလားနိုင်ငံကို အကူအညီပေးလိမ့်မည်ဟုလည်း ဗင်နီဇွဲလား ဒုတိယသမ္မတမီလာနိုက ပြောကြားသည်။

(အင်တာနက်)

မလေးရှားနှင့်အင်ဒိုနီးရှား ပူးတွဲစစ်ရေးလေ့ကျင့်

ကွာလာလမ်ပူ ဧပြီ ၃

မလေးရှားနိုင်ငံနှင့် အင်ဒိုနီးရှားနှစ်နိုင်ငံတို့ ပူးတွဲစစ်ရေးလေ့ကျင့်မှုကို မလေးရှားနိုင်ငံ မလက္ကာပြည်နယ်၌ ဧပြီ ၂ရက်က စတင်လိုက်သည်။ ပူးတွဲစစ်ရေးလေ့ကျင့်မှု ဖွင့်ပွဲအခမ်းအနားကို မလေးရှားစစ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီးအဇီဇန်အာရီဖင် တက်ရောက်ဖွင့်လှစ်ကြောင်း မလေးရှားကာကွယ်ရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်သည်။

နှစ်နိုင်ငံ ပူးတွဲစစ်ရေးလေ့ကျင့်မှုတွင် အင်ဒိုနီးရှားတပ်ဖွဲ့ဝင် ၄၅၂ဦးနှင့် မလေးရှားတပ်ဖွဲ့ဝင် ၁၂၄၃ဦးတို့ ပါဝင်ကြသည်။

လေ့ကျင့်

ပူးတွဲစစ်ရေးလေ့ကျင့်မှုကို ဧပြီ ၁၀ ရက်အထိ ကျင်းပမည်ဖြစ်ပြီး အထူးစစ်ဆင်ရေးအဖွဲ့၊ အထူးလေတပ်နှင့် အထူးရေတပ်တပ်ဖွဲ့တို့ပါဝင်ကာ မလေးရှားကျွန်းဆွယ်နှင့် မလက္ကာရေလက်ကြားတို့တွင် လေ့ကျင့်ပြုလုပ်နေသည်ဟု ဆင်ဟွာက ဖော်ပြသည်။

အမ်အင်န်အေ၊ဆင်ဟွာ

အာဖဂန်တိုက်ပွဲအတွင်း ဂျာမန်တပ်ဖွဲ့ဝင် သုံးဦးသေဆုံး

ဘာလင် ဧပြီ ၃

အာဖဂန်နစ္စတန်နိုင်ငံ မြောက်ပိုင်း ကူဒက်ဇ်ပြည်နယ်၌ ဧပြီ ၂ ရက် တိုက်ပွဲအတွင်း ဂျာမန်တပ်ဖွဲ့ဝင်သုံးဦးသေဆုံးပြီး ငါးဦးပြင်းထန်စွာ ဒဏ်ရာရရှိသည်ဟု ဂျာမနီစစ်ဘက်က သတင်းထုတ်ပြန်သည်။

ကူဒက်ဇ်ပြည်နယ် အနောက်တောင်ပိုင်း ချာဒါရာဒေသ၌ ဂျာမန်တပ်ဖွဲ့ဝင်များ ကင်းလှည့်တာဝန်ထမ်းဆောင်နေစဉ် တာလီဘန်လက်နက်ကိုင်များ၏ တိုက်ခိုက်မှုကြောင့် အပြန်အလှန်ပစ်ခတ်ရာမှ သေဆုံးခဲ့ခြင်း ဖြစ်သည်။ (အင်တာနက်)

နိုင်ငံတကာ အာကာသစခန်းသို့ ဆိုယုဇ်အာကာသယာဉ် လွှတ်တင်

မော်စကို ဧပြီ ၃

ကာဇက်စတန်နိုင်ငံ ဘိုင်ကိုနော အာကာသစခန်းမှ နိုင်ငံတကာအာကာသစခန်း (အိုင်အက်စ်အက်စ်)သို့ အာကာသယာဉ်မှူး သုံးဦးလိုက်ပါသည့် ရုရှားအာကာသယာဉ်(ယာဉ်)ကို ဧပြီ ၂ရက် နံနက်ပိုင်းက လွှတ်တင်လိုက်ကြောင်း ရုရှားမီဒီယာများက သတင်းထုတ်ပြန်သည်။

လွှတ်တင်

ဆိုယုဇ်တီအမ်အေ-၁၈ အာကာသယာဉ်ကို ဆိုယုဇ်အက်ဖ်ဂျီ ဒုံးပျံဖြင့် မော်စကို စံတော်ချိန် ထိုနေ့နံနက် ၈ နာရီ ၀၄ မိနစ်တွင် လွှတ်တင်လိုက်ပုံကို ရုရှားရုပ်မြင်သံကြားက ထုတ်လွှင့်သည်။

အဆိုပါအာကာသယာဉ်သည် နိုင်ငံတကာ အာကာသစခန်းနှင့် ဧပြီ ၄ ရက် နံနက် ၉ နာရီ ၂၆ မိနစ်တွင် ချိတ်ဆက်မည်ဖြစ်သည်။ အာကာသယာဉ်မှူးများသည် အိုင်အက်စ်အက်စ်တွင် ၁၆၇ ရက်ကြာ နေထိုင်မည်ဖြစ်သည်။ *အမ်အင်န်အေ၊ဆင်ဟွာ*

အိုလံပစ်ကျေးရွာ

တရုတ်နိုင်ငံ ရှန်ဟိုင်းမြို့၌ တည်ဆောက်ထားသည့် အိုလံပစ်ကျေးရွာအမည်ရှိ ပြခန်းကို ဧပြီ ၂ရက်က တွေ့ရစဉ်။

(ဆင်ဟွာဓာတ်ပုံ)

ကျောက်မီးသွေးတွင်း ပေါက်ကွဲ ၁၂ ဦး သေဆုံး ၃၂ ဦး ပိတ်မိနေ

ပေကျင်း ဧပြီ ၃

တရုတ်နိုင်ငံတွင် ကျောက်မီးသွေးတွင်းပေါက်ကွဲမှုကြောင့် အလုပ်သမား ၁၂ ဦးသေဆုံးပြီး ၃၂ ဦး ပိတ်မိနေကြောင်း မီဒီယာများက ဧပြီ ၂ရက်၌ သတင်းထုတ်ပြန်သည်။

သေဆုံး

ဟီရန်ပြည်နယ် လူရန်မြို့ ရီချန်စီရင်စုရှိ ပုဂ္ဂလိကပိုင် ကျောက်မီးသွေးတွင်း၌ အလုပ်သမား ၉၀ ကျော် အလုပ်လုပ်နေစဉ် ပေါက်ကွဲမှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ပေါက်ကွဲမှုကြောင့် ကျောက်မီးသွေးတွင်းအတွင်းမှရှစ်ဦးနှင့် မြေပေါ်မှ လေးဦး သေဆုံးခဲ့သည်။

ကြေညာ

တရုတ်နိုင်ငံတွင် ၂၀၀၉ခုနှစ်အတွင်း ကျောက်မီးသွေးတွင်းပေါက်ကွဲမှုကြောင့် သေဆုံးသူ ၂၆၃၁ ဦးရှိကြောင်း နိုင်ငံတော် ကျောက်မီးသွေးတွင်း ဘေးအန္တရာယ်ကင်းရှင်းရေးစီမံခန့်ခွဲမှုအဖွဲ့၏ ကြေညာချက်၌ဖော်ပြထားသည်။

(အင်တာနက်)

အစ္စရေး စစ်လေယာဉ်များ ဂါဇာကမ်းမြောင်ကို တိုက်ခိုက်

တဲလ်အဗစ် ဧပြီ ၃

အစ္စရေးစစ်လေယာဉ်များက ဂါဇာကမ်းမြောင်ဒေသကို လေကြောင်းမှ (၁၃)ကြိမ်ထက်မနည်း တိုက်ခိုက်ခဲ့သဖြင့် ဧပြီ ၂ရက်က ကလေးငယ်သုံးဦး ထိခိုက်ဒဏ်ရာရခဲ့ကြောင်း ပါလက်စတိုင်း သတင်းရပ်ကွက်က ပြောကြားသည်။

ဖော်ပြ

အစ္စရေးအက်ဖ်-၁၆ တိုက်လေယာဉ်များက ဂါဇာတောင်ပိုင်းဒေသရှိ ရာဖာ၊ ခန်ယူနစ်နှင့်ဂါဇာမြို့များကို ဆက်တိုက်ပစ်ခတ်တိုက်ခိုက်ခဲ့ကြသည်။

ယင်းသို့ တိုက်ခိုက်မှုကြောင့် အပြစ်မဲ့ကလေးငယ်များ ဒဏ်ရာရသည်ဟု အေအက်ဖ်ပီသတင်းဌာနက ဖော်ပြသည်။

(အင်တာနက်)

တူရကီနိုင်ငံ အစ္စတန်ဘူလ်မြို့၌ ကျင်းပသည့် အလှမယ်ပြိုင်ပွဲတွင် မယ်ဘွဲ့ဆွတ်ခူးရရှိသူ တစ်ဦးကို ဧပြီ ၂ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

အမေရိကန် အလုပ်လက်မဲ့ဦးရေ ဆက်လက်မြင့်တက်နေဆဲ

နယူးယောက် ဧပြီ ၃

အမေရိကန်နိုင်ငံ၌ လောလောဆယ် ၉ဒသမ၇ရာခိုင်နှုန်းရှိနေသည့် အလုပ်လက်မဲ့နှုန်းသည် မကြာမီကာလအတွင်း လျော့ပါးသွားမည်မဟုတ်သေးဘဲ လူမည်းအများစုအနေဖြင့် စီးပွားရေး ကျဆင်းမှုကို ဆက်လက်ခံစားနေရဦးမည်ဖြစ်ကြောင်း အမေရိကန် ဘဏ္ဍာရေးဝန်ကြီး တင်မိုသီ ရိုက်နာက ဧပြီ ၂ရက်၌ပြောကြားသည်။

မြင့်မား

အလုပ်လက်မဲ့နှုန်းသည် ယခုထက်တိုင် ကြောက်ခမန်းလိလိ မြင့်မားလျက်ရှိနေသေးကြောင်း၊ ယင်းနှုန်းသည် လက်ခံနိုင်ဖွယ်မရှိသည့် အနေအထားအထိ ကာလအတန်ကြာ မြင့်တက်လျက်ရှိနေမည်ဖြစ်ကြောင်း တင်မိုသီရိုက်နာက ပြောကြားသည်။

ကြိုးပမ်း

စီးပွားရေးကျဆင်းမှု၏ ဒဏ်ရာဒဏ်ချက်ကို ကျော်လွှားနိုင်ရန် ကုစားရေးအတွက် အချိန်ယူ ကြိုးပမ်းရဦးမည်ဟု ၎င်းက သတိပေးပြောကြားသည်။

(အင်တာနက်)

ကမ္ဘာပေါ်၌ မူးယစ်ဆေးဝါးအများဆုံးရောင်းသည့်နိုင်ငံ အာဖဂန်နစ္စတန်ဖြစ်ကြောင်း ကုလသမဂ္ဂ ကြေညာချက်ထုတ်ပြန်

ဗီယင်နာ ဧပြီ ၃

အာဖဂန်နစ္စတန်နိုင်ငံသည် ကမ္ဘာပေါ်၌ မူးယစ်ဆေးဝါးအများဆုံး ထုတ်လုပ်ရောင်းချသည့်နိုင်ငံဖြစ်ကြောင်း ကုလသမဂ္ဂက မတ် ၃၁ရက်၌ ထုတ်ပြန်ကြေညာသည်။

အာဖဂန်နစ္စတန်၌ နှစ်စဉ်ဆေးခြောက်တန်ချိန် ၁၅၀၀မှ ၃၅၀၀အထိ ဖြန့်ဖြူးနေသော နိုင်ငံဖြစ်ကြောင်း ကုလသမဂ္ဂ မူးယစ်ဆေးနှင့် ရာဇဝတ်မှုရုံးအကြီးအကဲ အန်တိုနီယိုမာရီယာက ထုတ်ဖော်ကြေညာသည်။

ရောင်းချ

အာဖဂန်နစ္စတန်သည် နှစ်စဉ်နှစ်တိုင်း ဆေးခြောက်ဟက်တာ၁၀၀၀၀နှင့် ၂၄၀၀၀ကြား စိုက်ပျိုးနေကြောင်း၊ တစ်ဟက်တာလျှင် ဆေးခြောက်၁၄၅ကီလိုအထိ ထွက်ရှိကြောင်းဖြင့်လည်း ကုလသမဂ္ဂက ခန့်မှန်းဖော်ပြထားသည်။

ကမ္ဘာပေါ်တွင် ဖြန့်ဖြူးရောင်းချသည့် ဘိန်း ၉၀ရာခိုင်နှုန်းကို အာဖဂန်နစ္စတန်က ဖြန့်ဖြူးရောင်းချနေကြောင်း၊ ၂၀၀၉ ခုနှစ်တွင် အမေရိကန် ဒေါ်လာ ၄၃၈ သန်းဖိုးရှိ ဘိန်းတန်ချိန် ၆၉၀၀အထိ ရောင်းချခဲ့ကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြပါရှိသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ဗီယက်နမ် သစ်နှင့်သစ်ထွက်ပစ္စည်းပို့ကုန်တိုးမြှင့်

ဟနွိုင်း ဧပြီ ၃

ဗီယက်နမ်နိုင်ငံသည် ယခုနှစ်ပထမ သုံးလပတ်တွင် သစ်နှင့်သစ်တောထွက်ပစ္စည်းပြည်ပ ပို့ကုန်မှ အမေရိကန်ဒေါ်လာ ၇၁၆ သန်းရရှိမည်ဟု မျှော်လင့်ထားသည်။ ယင်းရငွေသည် နှစ်အလိုက်နှိုင်းယှဉ်ကြည့်ပါက ၂၆ဒသမ၃ရာခိုင်နှုန်း တိုးတက်ခဲ့သည်ဟု ဗီယက်နမ်ဗဟိုစာရင်းရုံးက မတ် ၃၁ရက်၌ ထုတ်ပြန်ချက်အရ သိရသည်။

ဗီယက်နမ်နိုင်ငံ၏သစ်ပို့ကုန် တိုးမြင့်လာခြင်းသည် ပို့ကုန်ကန်ထရိုက်များကို နိုင်ငံခြားသွင်းကုန်ကုမ္ပဏီများ၏တောင်းဆိုချက် မြင့်မားလာခြင်းကြောင့်ဖြစ်သည်ဟု ဗီယက်နမ်သစ်လုပ်ငန်းနှင့်သစ်တောထွက်ပစ္စည်းဆိုင်ရာအသင်းက ပြောကြားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

အကြမ်းဖက်မှုချေမှုန်းရေး ရုရှားအစီအစဉ်ချမှတ်

မော်စကို ဧပြီ ၃

ရုရှားနိုင်ငံ မြောက်ကော့ကေးဆပ်ဒေသတွင် မကြာမီက ပေါက်ကွဲမှုများ ဖြစ်ပွားခဲ့ပြီးနောက် အကြမ်းဖက်မှုချေမှုန်းရေးအစီအစဉ်များ ချမှတ်ရေးအတွက် ဆွေးနွေးရန် ရုရှားနိုင်ငံမှ အကြီးအကဲက ယင်းဒေသသို့ ရုတ်တရက် သွားရောက်ကြောင်း အင်တာနက်သတင်းတွင် ဖော်ပြခဲ့သည်။

ဒဏ်ရာရရှိ

ချေချင်းညာနှင့် ထိစပ်နေသည့် ဒိုင်ဂျက်စတန်နယ်စပ်အနီး ကစ်ဇ်လိုင်ယာမြို့တွင် ပြင်းထန်သည့် ဗုံးပေါက်ကွဲမှုကြောင့် ၁၂ဦးသေဆုံးပြီး အခြားသူ ၂၉ဦး ဒဏ်ရာရရှိပြီးနောက် တစ်ရက်တွင် ယင်းဒေသသို့ သွားရောက်ခြင်းဖြစ်သည်။

ထိရောက်

အကြမ်းဖက်မှုချေမှုန်းရေး အစီအစဉ်ကို တိုးချဲ့ချမှတ်ရမည်ဖြစ်ပြီး ထိရောက်မှုလည်းရှိရမည်ဟု ၎င်းပုဂ္ဂိုလ်က ဒိုင်ဂျက်စတန်မြို့တော်တွင် ပြောကြားသည်။

(အင်တာနက်)

အီဂျစ်အာဏာပိုင်များ ဥမင်လိုဏ်ခေါင်း၁၀ခု၌ မှောင်ခိုလုပ်ငန်း ရှာဖွေတွေ့ရှိ

ရာဖား ဧပြီ ၃

အီဂျစ်နှင့် ဂါဇာကမ်းမြောင်ဒေသဆက်စပ်နေသည့် နယ်စပ်ရှိ ဥမင်လိုဏ်ခေါင်း ၁၀ခုအား ကုန်ပစ္စည်းမှောင်ခိုရောင်းဝယ်ရန်အသုံးပြုနေသည်ကို မတ်၃၁ရက်တွင် အီဂျစ်အာဏာပိုင်များက ရှာဖွေတွေ့ရှိခဲ့ကြောင်း သတင်းရရှိသည်။

သတင်းပေး

ဂါဇာကမ်းမြောင်ဒေသမှ အီဂျစ်နယ်မြေပိုင်နက်အတွင်းသို့ ခိုးဝင်လာသဖြင့် ဖမ်းဆီးခံထားရသော ပါလက်စတိုင်းလူငယ်အချို့က အဆိုပါဖြစ်ရပ်နှင့်ပတ်သက်၍ ရဲတပ်ဖွဲ့ကို သတင်းပေးခဲ့ခြင်းဖြစ်ကြောင်း အမည်မဖော်လိုသည့် လုံခြုံရေးအသိုင်းအဝိုင်းက ပြောကြားသည်။ ***အမ်အင်န်အေ၊ရိုက်တာ***

နောက်ဆုံးရ နိုင်ငံတကာသတင်းများ

မောင်ချစ်ကြည် - စုစည်းသည်

အီရန်က ပေါ်တူဂီ၌ နယ်ပယ်စုံ ရင်းနှီးမြှုပ်နှံမည်

အီရန်နိုင်ငံသည် ပေါ်တူဂီနိုင်ငံ၌ နယ်ပယ်စုံတွင် အမေရိကန်ဒေါ်လာဘီလီယံ ၄၀၀ခန့် ရင်းနှီးမြှုပ်နှံမှုများပြုလုပ်သွားမည်ဖြစ်ကြောင်း၊ ယင်းအစီအစဉ်များကို လာမည့်နှစ်၌ စတင်သွားမည်ဖြစ်ကြောင်း အာဏာပိုင်အဖွဲ့က ပြောကြားသည်။

အာဂျင်တီးနားကမ်းလွန်၌ ငလျင်လှုပ်

အာဂျင်တီးနားနိုင်ငံ ဗျူနို့စ်အေရိစ်မြို့မှ ၃၅၄ ကီလိုမီတာ ခန့်ကွာဝေးသော ပင်လယ်ပြင်ကို ဗဟိုပြု၍ ဧပြီ ၃ရက် နံနက်က ရစ်ချ်တာစကေး ၆ ဒသမ ၃ အဆင့်ရှိ အင်အားပြင်းငလျင်လှုပ်ခဲ့ရာ အူရှာအီရာမြို့တွင် အဆောက်အအုံများ ယိမ်းထိုးသွားခဲ့ကြောင်း အာဂျင်တီးနားအရာရှိများက ပြောကြားသည်။

ကမ္ဘာ့ဈေးကွက်၌ ရွှေဈေးနှုန်း ကျဆင်း

ကမ္ဘာ့ဈေးကွက်၌ ရွှေဈေးနှုန်းများကျဆင်းလျက်ရှိရာ တရုတ်ဈေးကွက်၌ ဧပြီ ၃ရက် ဈေးပိတ်ချိန်တွင် ရွှေတစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၀၂၁ ဒေါ်လာသာရှိကြောင်း တရုတ်ရွှေလုပ်ငန်းရှင်များက ပြောကြားသည်။

ရုရှားရဟတ်ယာဉ်လေးစင်း ကရာကတ်စ်မြို့သို့ ရောက်ရှိ

ဗင်နီဇွဲလားနိုင်ငံသို့ ရုရှားနိုင်ငံမှ ပထမအသုတ်တင်ပို့သည့် ရဟတ်ယာဉ်လေးစင်း ကရာကတ်စ်မြို့ မြောက်ပိုင်းရှိ မင်ကျူတီရာလေဆိပ်သို့ ဆိုက်ရောက်ကာ လက်ခံရရှိကြောင်း ဧပြီ ၂ ရက်တွင် ဗင်နီဇွဲလားအာဏာပိုင်အဖွဲ့က သတင်းထုတ်ပြန်သည်။

နီပေါ၌ မြေပြိုမှုဖြစ်ပွား၊ နှစ်ဦးသေဆုံး

နီပေါနိုင်ငံအလယ်ပိုင်း မာဟိုတရီဒေသ၌ ဧပြီ ၂ ရက်က မြေပြိုမှုဖြစ်ပွားရာ အမျိုးသမီးနှစ်ဦးသေဆုံးပြီး ၂၁ဦးဒဏ်ရာရခဲ့ကြောင်း ယင်းဒေသသို့ ကယ်ဆယ်ရေးအဖွဲ့နှင့် ရဲတပ်ဖွဲ့ဝင်များ ရောက်ရှိကယ်ဆယ်လျက်ရှိသည်ဟု ရဲတပ်ဖွဲ့က ပြောကြားသည်။

တရုတ်နိုင်ငံနန်ကျန်းမြို့၌ အလုပ်ရုံပြိုကျမှု ဖြစ်ပွား

တရုတ်နိုင်ငံ နန်ကျန်းမြို့ရှိ အလုပ်ရုံတစ်ရုံ ဧပြီ ၂ရက်က ပြိုကျမှုဖြစ်ပွားရာ အလုပ်သမားခြောက်ဦးသေဆုံးပြီး အချို့ဒဏ်ရာရရှိခဲ့ကြောင်း ဧပြီ ၁ရက်၌ သတင်းထုတ်ပြန်သည်။

ဂျော်ဂျီယာလေကြောင်းလိုင်း မော်စကိုသို့ စတင်ပျံသန်း

ဂျော်ဂျီယာနိုင်ငံမှ အဲဇီနာဂျော်ဂျီယာအဲလိုင်းသည် ရုရှားနိုင်ငံမော်စကိုမြို့သို့ ဧပြီ ၁ရက်မှစတင်ကာ ပျံသန်းနေပြီဖြစ်ကြောင်း၊ ဂျော်ဂျီယာနိုင်ငံ တီဘီလီဆီမြို့မှ ရုရှားနိုင်ငံမော်စကိုမြို့သို့ တိုက်ရိုက်ပျံသန်း ပြေးဆွဲပေးနေကြောင်း ဂျော်ဂျီယာလေကြောင်းအရာရှိများက ပြောကြားသည်။

ရုရှား၌ အီလက်ထရွန်နစ်လက်မှတ်များ စတင်သုံးစွဲမည်

ရုရှားနိုင်ငံတစ်ဝန်းတွင် မကြာမီအချိန်အတွင်း အီလက်ထရွန်နစ်စနစ်သုံး လက်မှတ်များကို စတင်အသုံးပြုတော့မည်ဖြစ်ကြောင်း၊ ကုန်းလမ်းပို့ဆောင်ရေးခရီးစဉ်များအားလုံး၌ ယင်းလက်မှတ်များအား မည်သို့အသုံးပြုရသည်ကို သတင်းဖြန့်ဝေအသိပေးထားကြောင်း ရုရှားအရာရှိများက ဧပြီ ၃ရက်၌ ပြောကြားသည်။

ဝါရှင်တန် ရေနံသန့်စင်စက်ရုံ၌ မီးလောင်မှုဖြစ်ပွား

အမေရိကန်နိုင်ငံ ဝါရှင်တန်မြို့အနီးရှိ ရေနံသန့်စင်စက်ရုံ၌ ဧပြီ ၃ရက် နံနက်က မီးလောင်ပေါက်ကွဲမှုဖြစ်ပွားရာ အလုပ်သမားသုံးဦးသေဆုံးပြီး သုံးဦးဒဏ်ရာရရှိခဲ့ပြီး မတော်တဆဖြစ်ရပ်မှ မီးလောင်ပေါက်ကွဲမှုဖြစ်ပွားရခြင်းဖြစ်သည်ဟု ဝါရှင်တန်မီးသတ်တပ်ဖွဲ့အရာရှိများက ပြောကြားသည်။ **(အောက်ပုံ)** **(အင်တာနက်)**

ပေါင်မြို့နယ် မိုးနိုင်းရပ်ကွက် ရတနာလမ်းကတ္တရာလမ်းသစ်ဖွင့်

ပေါင် ဧပြီ ၃

(၆၅)နှစ်မြောက်တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ပေါင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၉-၂၀၁၀ဘဏ္ဍာရေးနှစ်အတွက်ဆောင်ရွက်ခဲ့သော မိုးနိုင်းရပ်ကွက် ကတ္တရာလမ်းသစ်ဖွင့်ပွဲအခမ်းအနားကို မတ် ၂၅ရက် နံနက် ၈ နာရီက အဆိုပါ လမ်းသစ်ဖွင့်ပွဲမုခ်ဦး၌ကျင်းပသည်။

ဖွင့်လှစ်ပေး

အခမ်းအနားတွင် လမ်းသစ်ကို ပေါင်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြတ်အောင်ဌေးနှင့် ပေါင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကျော်လှတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)** **(မြို့နယ် ပြန်/ဆက်)**

မိုးကောင်းမြို့နယ်စည်ပင် ကျောက်ချောလမ်းသစ်ဖွင့်

မိုးကောင်း ဧပြီ ၃

ကချင်ပြည်နယ် မိုးကောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ မိုးကောင်း-တာပေါ ကျောက်ချောလမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို မတ် ၂၁ရက် နံနက် ၉ နာရီက အဆိုပါလမ်းသစ်ဖွင့်ပွဲမုခ်ဦး၌ ကျင်းပသည်။

ပေးအပ်

အခမ်းအနားတွင် စည်ပင်သာယာရေး အဖွဲ့အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူးဦးဝင်းနိုင်က လမ်းသစ်ဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး အထိမ်းအမှတ်အလံများကို ပေးအပ်သည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ဆက်လက်၍ မြို့နယ်ဥက္ကဋ္ဌ ဦးခင်မောင်လင်း၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူးဦးဝင်းနိုင်နှင့် ပင်းခါးကျေးရွာဥက္ကဋ္ဌ ဦးလဆိုင်းတို့က လမ်းသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

(မြို့နယ် ပြန်/ဆက်)

မအူပင်မြို့နယ်၌ နွေစပါးစံကွက်ရိတ်သိမ်း

မအူပင် ဧပြီ ၃

မအူပင်မြို့နယ် ညောင်ဝိုင်းကျေးရွာအုပ်စု ကွင်းအမှတ် ၈၂ မရမ်းကွင်း ဦးပိုင်အမှတ် ၁၇ ဧရိယာ ၁၄ ဧကရှိ တောင်သူဦးလှတင်၏ သီးထပ်ရင် နွေစပါးမျိုးသန့်စိုက်ခင်း စံကွက်ရိတ်သိမ်းပွဲကို မတ် ၂၈ရက် နံနက် ၈ နာရီက အဆိုပါကွင်း၌ ကျင်းပသည်။

ရိတ်သိမ်း

စံကွက်ရိတ်သိမ်းပွဲတွင် မြို့နယ်စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးအဖွဲ့က ကြီးကြပ်ရိတ်သိမ်းရာ တစ်ဧကလျှင် နွေစပါး တင်း ၁၃၀ ထွက်ရှိကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ဧရာဝတီတိုင်း ဟင်္သာတခရိုင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၏ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ဖေဖော်ဝါရီ ၂၀ရက်က ဟင်္သာတမြို့ ကုန်းလမ်းပို့ဆောင်ရေး ရုံးဝင်းအတွင်း၌ကျင်းပရာ ခရိုင်ဦးစီးမှူး ဦးအောင်ဝင်းက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ လိုက်နာစေရေး သိကောင်းစရာများ ရှင်းလင်းပြောကြားစဉ်။

(မြို့နယ်ကညန)

ခရမ်း၌ ကျေးရွာစာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်

ခရမ်း ဧပြီ ၃

ရန်ကုန်(တောင်ပိုင်း)ခရိုင် ခရမ်းမြို့နယ် သစ်ဝန်တန်းကျေးရွာတွင် နိုင်ငံတော်မတည်ငွေနှင့် ကျေးရွာနေပြည်သူများ စုပေါင်းလှူဒါန်းငွေဖြင့် ဆောက်လုပ်သည့် အာရုံသစ်စာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်ပွဲအခမ်းအနားကို မတ် ၂၉ရက်က အဆိုပါစာကြည့်တိုက်ရှေ့၌ ကျင်းပသည်။

ဖွင့်လှစ်

အဆိုပါစာကြည့်တိုက် အဆောက်အအုံသစ်ကို ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်အောင်၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်တင်တင်ထွေးနှင့် စာကြည့်တိုက်ဥက္ကဋ္ဌ ဦးအေးထွန်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။**(အပေါ်ပုံ)**

လှူဒါန်း

ထို့နောက် စာကြည့်တိုက်အတွက် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ စာအုပ်မျိုးစုံ အုပ် ၁၅၀နှင့် ကျေးရွာနေပြည်သူများက စာကြည့်တိုက် ဆောက်လုပ်ရာတွင် ငွေကျပ် ၅၄၀၀၀၀ ပါဝင်လှူဒါန်းကြသည်။

(မြို့နယ် ပြန်/ဆက်)

ကြက်ငှက်တုပ်ကွေး ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ ပြည်သူလူထု အသိမြှင့်တင်မှုဖွံ့ဖြိုးရေးသင်တန်း စဉ့်ကူး၌ဖွင့်

စဉ့်ကူး ဧပြီ ၃

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ကြီးမှူးကျင်းပသည့် ကြက်ငှက်တုပ်ကွေးရောဂါ ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ ပြည်သူလူထုအသိမြှင့်တင်မှုအစီအစဉ် ဖွံ့ဖြိုးရေးလုပ်သား သင်တန်းဖွင့်ပွဲကို မတ် ၂၀ရက် နံနက် ၉နာရီက မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်ဥက္ကဋ္ဌကိုယ်စား ဒုတိယဦးစီးမှူး ဦးသက်နိုင်စိုးနှင့် (Care Myanmar)လက်ထောက်အစီအစဉ် ညှိနှိုင်းရေးမှူး ဦးဇော်ဖေသန်းတို့က အဖွင့်အမှာစကားပြောကြားကြသည်။

ရည်ရွယ်ချက်

ထို့နောက် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါက်တာအောင်ဝင်းက သင်တန်းဖွင့်ရသည့် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး ကြက်ငှက်တုပ်ကွေးရောဂါ ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ ပြည်သူလူထု အသိမြှင့်တင်မှုအစီအစဉ် ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဟောပြောပို့ချသည်။ သင်တန်းသို့ ရပ်ကွက်၊ကျေးရွာအုပ်စုများမှ ကြက်ငှက်မွေးမြူရေးလုပ်သားများ တက်ရောက်ကြသည်။ ***(မြို့နယ် ပြန်/ဆက်)***

ရန်ကုန်မြို့ ဗဟန်းမြို့နယ် ရွှေဂုံတိုင် ရွှေတောင်ကုန်းရိပ်သာနေ မိခင်ကြီး ဒေါ်ခင်ပုအားရည်စူး၍ ဒုတိယဗိုလ်ချုပ်ကြီး မင်းသိန်း(ငြိမ်း) - ဒေါ်ခင်သန်းမြင့်၊ သားသမီး၊ မြေးတစ်စုတို့က ဆောက်လုပ်လျက်ရှိသော ဘိုးဘွားရေလှောင်ကန်အတွက် ငွေကျပ်ငါးသိန်းကို နှင်းဆီကုန်း ဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးကျော်ရှိန်ထံ ပေးအပ်လှူဒါန်းစဉ်။

(ဘိုးဘွားရိပ်သာ)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဥက္ကဋ္ဌ၊ နိုင်ငံတော် ပရိယတ္တိသာသနာ့ တက္ကသိုလ်များ၏ အဓိပတိ၊ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မကွေးမြို့ မဟာဝိသုတာရာမတိုက်သစ်ကြီး၏ ဦးစီးပဓာနနာယက ဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တကုမာရ၏ ဥတုဇဓာတ် ရုပ်ကလာပ်တော်အား ဖူးမြော်ကန်တော့စဉ်။ (သတင်းစဉ်)

ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်ဇနီး ဒေါ်မြမြစန်းနှင့်အဖွဲ့ဝင်များ မကွေးဆရာတော်ကြီး ဘဒ္ဒန္တကုမာရ၏ ဥတုဇဓာတ် ရုပ်ကလာပ်တော်အား သွားရောက်ဖူးမြော်ကန်တော့

နေပြည်တော် ဧပြီ ၃

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်ဇနီး ဒေါ်မြမြစန်းနှင့် အဖွဲ့ဝင်များသည် သက်တော်(၈၈)နှစ် သိက္ခာတော်(၆၈)ဝါရှိတော်မူသည့် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဥက္ကဋ္ဌ၊ နိုင်ငံတော် ပရိယတ္တိသာသနာ့ တက္ကသိုလ်များ၏ အဓိပတိ၊ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မကွေးမြို့ မဟာဝိသုတာရာမတိုက်သစ်ကြီး၏ ဦးစီးပဓာနနာယက ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တကုမာရ၏ ဥတုဇဓာတ် ရုပ်ကလာပ်တော်အား ယနေ့နံနက်ပိုင်းတွင် သွားရောက်ဖူးမြော် ကန်တော့ကြသည်။

မကွေးလေဆိပ်ရောက်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်ဇနီး ဒေါ်မြမြစန်းတို့သည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့်ဇနီး၊ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်ဇနီး၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီး သီဟသူရ တင်အောင်မြင့်ဦးနှင့်ဇနီး၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများနှင့် ဌာနဆိုင်ရာ အကြီးအကဲများ လိုက်ပါလျက် နေပြည်တော်မှ ရဟတ်ယာဉ်များဖြင့် ထွက်ခွာခဲ့ကြရာ နံနက် ၈နာရီ ၁၅မိနစ်တွင် မကွေးလေဆိပ်သို့ ရောက်ရှိကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးနှင့်ဇနီးနှင့် အဖွဲ့ဝင်များသည် မကွေးမြို့ မဟာဝိသုတာရာမ တိုက်သစ်ကျောင်းတိုက် သိမ်တော်ကြီးအောက်ထပ်၌ အပူဇော်ခံထားရှိသော မကွေးဆရာတော်ဘုရားကြီး၏ ဥတုဇဓာတ် ရုပ်ကလာပ်တော်အား ဖူးမြော်ကန်တော့ကြသည်။

ဖူးမြော်ကန်တော့

ယင်းနောက် ဒုတိယဗိုလ်ချုပ်မှူးကြီးနှင့်အဖွဲ့ဝင်များသည် မကွေးမြို့ မဟာဝိသုတာရာမတိုက်သစ်ကြီး၌ ကြွရောက်တော်မူလျက်ရှိသော နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် မကွေးမြို့ သံဃာရာမ ကျောင်းတိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တစိန္တာသာရ အမှူးပြုသော ဆရာတော်ကြီးများအား ဖူးမြော်ကန်တော့ကြသည်။

ဆက်ကပ်လှူဒါန်း

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးနှင့်ဇနီး၊ အဖွဲ့ဝင်များသည် ဆရာတော်ကြီးများအား လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် မကွေးဆရာတော်ကြီး၏ အန္တိမစျာပနအတွက် လှူဒါန်းငွေများကို နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်က စျာပနကျင်းပရေးကော်မတီထံ ပေးအပ်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးနှင့်အဖွဲ့ဝင်များသည် မဟာဝိသုတာရာမတိုက်သစ်ကြီးမှ ပြန်လည်ထွက်ခွာခဲ့ကြသည်။ **(သတင်းစဉ်)**

မကွေးဆရာတော်ကြီး၏ အန္တိမစျာပနသဘင်၌ တရားပွဲများ ကျင်းပမည်

နေပြည်တော် ဧပြီ ၃

ဘဝနတ်ထံပျံလွန်တော်မူသွားသော မကွေးဆရာတော်ကြီး၏ အန္တိမစျာပနသာဓုကီဠနသဘင်၌ မဟာဓမ္မပူဇာသဘင် တရားပွဲများကို ဧပြီ ၅ရက်မှ ၁၀ရက်အထိ ညစဉ် ၇နာရီတွင် ကျင်းပသွားမည်ဖြစ်ရာ ဧပြီ ၅ရက်တွင် အရှင်ဆန္ဒာဓိက(ရွှေပါရမီတောရ)၊ ဧပြီ ၆ရက်တွင် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တဝါသေဋ္ဌာဘိဝံသ (မစိုးရိမ်တိုက်သစ်)၊ ဧပြီ ၇ရက်တွင် တိပိဋကဓရ၊ တိပိဋကကောဝိဒ၊ တိပိဋကဓမ္မဘဏ္ဍာဂါရိက ဘဒ္ဒန္တဝါယာမိန္ဒာဘိဝံသ(ရေစကြိုဆရာတော်)၊ ဧပြီ ၈ရက်တွင် တိပိဋကဓရ၊ တိပိဋကကောဝိဒ၊ တိပိဋကဓမ္မဘဏ္ဍာဂါရိက ဘဒ္ဒန္တသီရိန္ဒာဘိဝံသ (ယောဆရာတော်)၊ ဧပြီ၉ရက်တွင် ဒေါက်တာအရှင်ဆေကိန္ဒ (ဓမ္မဒူတဆရာတော်)၊ ဧပြီ ၁၀ရက်တွင် မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ဘဒ္ဒန္တတိက္ခ (ဝါခင်းကုန်းဆရာတော်)နှင့် ဧပြီ ၁၁ရက်တွင် ဒေါက်တာအရှင်ဉာဏိဿရ (သီတဂူဆရာတော်)တို့က တရားတော်များ ဟောကြားတော်မူကြမည်ဖြစ်ကြောင်း သိရှိရသည်။

စျာပနအစီအစဉ်အနေဖြင့် ဧပြီ ၁၁ရက် မွန်းလွဲ ၁နာရီတွင် မကွေးမြို့ မဟာဝိသုတာရာမ တိုက်သစ်အတွင်း စံကျောင်းတော်ပင့် အခမ်းအနားကိုလည်းကောင်း၊ ဧပြီ ၁၂ရက် မွန်းလွဲ ၂နာရီတွင် ယာယီစံကျောင်းတော်၌ အန္တိမစျာပန အခမ်းအနား ကျင်းပပြီး ညနေပိုင်းတွင် မကွေးမြသလွန်ပွဲတော် ကွင်းအတွင်း၌ အန္တိမအဂ္ဂိစျာပနသဘင်ကိုလည်းကောင်း ဆင်ယင်ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရန်ကုန်တိုင်း ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကော်မတီလုပ်ငန်းညှိနှိုင်းစည်းဝေး

ရန်ကုန် ဧပြီ ၃

ရန်ကုန်တိုင်း ကလေးသူငယ် အခွင့်အရေးများဆိုင်ရာကော်မတီ၏ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ဧပြီ ၁ရက် နံနက် ၉နာရီက ရန်ကုန်မြို့ မြန်မာနိုင်ငံဆရာဝန်အသင်း (ဗဟို) အစည်းအဝေးခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်း ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကော်မတီဥက္ကဋ္ဌ တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဦးခင်မောင်ထွန်း **(အပေါ်ပုံ)**နှင့် လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမြင့်သိန်းတို့က အဖွင့်အမှာစကားပြောကြားပြီး ရန်ကုန်တိုင်း လူမှုဝန်ထမ်းရုံးမှ တိုင်းဦးစီးမှူး ဦးတင်ဇော်မိုးက လုပ်ငန်းဆောင်ရွက်ချက်များကို တင်ပြသည်။ ယင်းနောက် ကလေးသူငယ် ကာကွယ်စောင့်ရှောက်မှုဆောင်ရွက်ချက် အတွေ့အကြုံများအား UNICEF နှင့် မြို့နယ်လူမှုဝန်ထမ်းအရာရှိ ကိုယ်စားလှယ်များ၊ INGOS နှင့် NGOS အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များက တင်ပြဆွေးနွေးကြရာ ကော်မတီဥက္ကဋ္ဌ ညွှန်ကြားရေးမှူးနှင့် သက်ဆိုင်ရာတာဝန်ရှိသူများက ပြန်လည်ဆွေးနွေးကြသည်။ **(ခရိုင် ပြန်/ဆက်)**

မြဝတီရုပ်မြင်သံကြား

၄-၄-၂၀၁၀ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	တရားတော်
၇း၁၀	၃။	ဓမ္မပူဇာတေး
၇း၂၀	၄။	မျိုးချစ်တပ်မတော်
၇း၂၅	၅။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၆။	မြန်မာသံစဉ် ချိုနားဝင်
၇း၄၀	၇။	သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅	၈။	အမျိုးသားရေးတေးကဗျာ
၈း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၀။	အမျိုးသားရေးတေးကဗျာ

နေ့လယ်ပိုင်း

၁၁း၀၀	၁။	မြဝတီအဖွင့်
၁၁း၀၅	၂။	အဖွင့်သီချင်း
၁၁း၁၀	၃။	မျိုးချစ်တပ်မတော်
၁၁း၂၅	၄။	ကာတွန်းအစီအစဉ် **လပြည့်ညရဲ့ စိန်ခေါ်သံ** (အပိုင်း-၃၈)
၁၂း၀၀	၅။	မြဝတီရုပ်မြင်ပေါ်က ရုပ်ရှင် **ဆရာ့မေတ္တာ**
၁၃း၃၀	၆။	ကျန်းမာသုတ
၁၄း၀၀	၇။	ရသစုံလင် ရုပ်မြင်ဇာတ်လမ်း **ကြင်နာသူရဲ့ချစ်ရိပ်** (အပိုင်း-၂၃)

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၁၀	၃။	မျိုးချစ်တပ်မတော်
၄း၂၀	၄။	မြတ်နိုးကြစေ အမျိုးသားအမွေ
၄း၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၄း၄၅	၆။	သာယာသီကြွေးခေတ်ဆန်းတေး
၅း၀၀	၇။	သံစဉ်များနှင့်ကမ္ဘာ
၆း၀၀	၈။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၂၀	၉။	အမျိုးသားရေးတေးကဗျာ
၆း၃၀	၁၀။	ဘဝကြေးမုံ **အဆိပ်ပြယ်သွားသည့်ဆုး** ဦးမောင်မောင်သန်း၊ ရဲထွန်းမြတ်၊ ဖူးစုံ၊ ဒေါ်အုန်းကြည်
၇း၀၀	၁၁။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ရင်နှစ်သည်းချာ** (အပိုင်း-၁၄)
၈း၀၀	၁၂။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၃။	နိုင်ငံတကာသတင်း
	၁၄။	မိုးလေဝသသတင်း
	၁၅။	အမျိုးသားရေးတေးကဗျာ
	၁၆။	ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
	၁၇။	ရသစုံလင်ရုပ်မြင် ဇာတ်လမ်း **ခေတ်တစ်ခေတ်ရဲ့သူရဲကောင်း** (အပိုင်း-၃၃)
	၁၈။	**နှစ်ခေတ်ပြိုင်ချစ်သူ** (အပိုင်း-၁၅)

ထူးခြားသည့်နေ့အပူချိန်

၃-၄-၂၀၁၀

မင်းဘူးမြို့	၄၂ ဒီဂရီစင်တီဂရိတ်
မကွေးမြို့	၄၂ ဒီဂရီစင်တီဂရိတ်
နေပြည်တော်	၄၁ ဒီဂရီစင်တီဂရိတ်
မြင်းခြံမြို့	၄၁ ဒီဂရီစင်တီဂရိတ်
အောင်လံမြို့	၄၁ ဒီဂရီစင်တီဂရိတ်
ပြည်မြို့	၄၁ ဒီဂရီစင်တီဂရိတ်
သာယာဝတီမြို့	၄၁ ဒီဂရီစင်တီဂရိတ်

တောင်ပိုင်းစွန်းဒေသများ၌ မိုးရွာဖွယ်

နေပြည်တော် ဧပြီ ၃

<u>**ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ**</u> လွန်ခဲ့သော ၂၄နာရီအတွင်းက ကချင်ပြည်နယ်နှင့်တနင်္သာရီတိုင်းတို့တွင် နေရာကျဲကျဲ၊ ချင်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းအထက်ပိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး ကျန်ဒေသများတွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့သည်။ နေ့အပူချိန်များမှာ ကရင်ပြည်နယ်၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် ဧပြီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၅ ဒီဂရီစင်တီဂရိတ်မှ ၆ဒီဂရီစင်တီဂရိတ်အထိ၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ မန္တလေးတိုင်း၊ မကွေးတိုင်းနှင့် ပဲခူးတိုင်းတို့တွင် ဧပြီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ဒီဂရီစင်တီဂရိတ်အထိ ပိုခဲ့ပြီး ကချင်ပြည်နယ်တွင် ဧပြီလ၏ ပျမ်းမျှအပူချိန်တို့အောက် ၁၀ ဒီဂရီစင်တီဂရိတ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းတွင် ဧပြီလ၏ ပျမ်းမျှအပူချိန်တို့အောက် ၈ ဒီဂရီစင်တီဂရိတ်လျော့နည်းခဲ့ကာ ကျန်ဒေသများတွင် ဧပြီလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။ မှတ်သားဖွယ်ရာမိုးရေချိန်များမှာ မြိတ်မြို့တွင် ၀ဒသမ ၃၁လက်မ၊ ဟားခါးမြို့တွင် ၀ဒသမ ၂၀လက်မ၊ ပူတာအိုမြို့နှင့် ကော့သောင်းမြို့တို့တွင် ၀ ဒသမ ၀၈လက်မစီတို့ ဖြစ်ကြသည်။

<u>**ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ**</u> ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော် တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် သာယာနေသည်။

<u>**ဧပြီ ၄ ရက် ညနေအထိခန့်မှန်းချက်မှာ**</u> ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်ပြီး ကျန်ဒေသများတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

<u>**မြန်မာ့ပင်လယ်ပြင်တွင်**</u> လှိုင်းအသင့်အတင့်ရှိမည်။

<u>**နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ**</u> မြန်မာနိုင်ငံတောင်ပိုင်းစွန်းဒေသများတွင် နေရာကွက်ကျား မိုးဆက်လက်ထစ်ချုန်းရွာနိုင်သည်။

<u>**နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင်**</u> ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

<u>**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင်**</u> ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

<u>**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင်**</u> ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

မွန်ပြည်နယ်ငါးလုပ်ငန်း ဦးစီးဌာန၏ ဦးဆောင်မှု၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ကြီးကြပ်မှု၊ မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်မှုဖြင့် မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှ ရောင်းဝယ်စုဆောင်းသည့် ငါး၊ ပုစွန်များအတွင်း ဆိုးဆေးနှင့် ဓာတုပစ္စည်းများ သုံးစွဲမှု မရှိစေရေးအတွက် မတ် ၈ရက်မှ ၁၃ရက်အထိ ချောင်းဆုံမြို့နယ်အတွင်းရှိ ငါးအဝယ်ဒိုင်များနှင့် ဈေးများ၌ ကြည့်ရှုစစ်ဆေးကြစဉ်။

(မြို့နယ် ပြန်/ဆက်)

ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံတို့အကြား

ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ပူးတွဲထုတ်ပြန်ချက်ကို ထုတ်ပြန်

နေပြည်တော် ဧပြီ ၄

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်၏ ဖိတ်ကြားချက်အရ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ငုယင်တန်ဇွန်းသည် ဧပြီ (၂)ရက်မှ (၄)ရက်အထိ ပြည်ထောင်စုမြန်မာနိုင်ငံတော်သို့ အလုပ်သဘောခရီး လာရောက်ခဲ့သည်။ ဧပြီ (၂)ရက်တွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်၌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ငုယင်တန်ဇွန်းတို့ ဦးဆောင်သည့် နှစ်နိုင်ငံကိုယ်စားလှယ်အဖွဲ့များသည် နှစ်နိုင်ငံ တွေ့ဆုံဆွေးနွေးကြပြီး ဆွေးနွေးပွဲအပြီးတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံတို့အကြား ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ပူးတွဲထုတ်ပြန်ချက်ကို ထုတ်ပြန်ခဲ့သည်။

ပူးတွဲထုတ်ပြန်ချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံတို့အကြား ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ပူးတွဲထုတ်ပြန်ချက်

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်၏ ဖိတ်ကြားချက်အရ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ငုယင်တန်ဇွန်းသည် ဧပြီ (၂)ရက်မှ (၄)ရက်အထိ မြန်မာနိုင်ငံသို့ အလုပ်သဘောခရီး လာရောက်ခဲ့သည်။

ခရီးစဉ်အတွင်း ဗီယက်နမ်ဝန်ကြီးချုပ် မစ္စတာ ငုယင်တန်ဇွန်းသည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေအား ဂါရဝပြုတွေ့ဆုံခဲ့ပြီး နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။ ထို့ပြင် မြန်မာနိုင်ငံ၌ ဗီယက်နမ်နိုင်ငံမှ ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးကွန်ဖရင့်၊ မြန်မာနိုင်ငံတွင် ဗီယက်နမ် ရင်းနှီးမြှုပ်နှံသူများအသင်း တည်ထောင်မှုအခမ်းအနား၊ ဟန်ွိုင်း-ရန်ကုန် တိုက်ရိုက်လေယာဉ်ခရီးစဉ် ပြေးဆွဲမှု ဖွင့်ပွဲအခမ်းအနား၊ ဗီယက်နမ် ကုန်စည်ပြပွဲနှင့် ဗီယက်နမ် ရင်းနှီးမြှုပ်နှံမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုဘဏ် (BIDV) ကိုယ်စားလှယ်ရုံး ဖွင့်လှစ်ပွဲ အခမ်းအနားတို့သို့လည်း တက်ရောက်ခဲ့သည်။ ခရီးစဉ်အတွင်း နှစ်နိုင်ငံ ဝန်ကြီးဌာနများ၊ အေဂျင်စီများ၊ စီးပွားရေးလုပ်ငန်းများသည် အစိုးရချင်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု သဘောတူညီချက်များ၊ စီးပွားရေးလုပ်ငန်းဆိုင်ရာ သဘောတူညီချက်များနှင့် စာချုပ်များကို လက်မှတ်ရေးထိုးခဲ့ကြသည်။

နှစ်နိုင်ငံဝန်ကြီးချုပ် နှစ်ဦးတို့သည် မိမိတို့နိုင်ငံအသီးသီး၏ နိုင်ငံရေး၊ စီးပွားရေး အခြေအနေများကို အပြန်အလှန် အသိပေးပြောကြားကြပြီး နှစ်နိုင်ငံအကြား အစဉ်အလာရှိသည့် ချစ်ကြည်ရင်းနှီးမှုနှင့် ကဏ္ဍပေါင်းစုံတွင် ပူးပေါင်းဆောင်ရွက်နေမှုတို့ ပိုမိုမြှင့်တင်ရေး ကိစ္စရပ်များကို ဆွေးနွေးအမြင်ချင်းဖလှယ်ခဲ့ကြသည်။ ဒေသတွင်းနှင့် နိုင်ငံတကာမျက်နှာစာများတွင် နှစ်ဖက်အကျိုးတူ ကိစ္စရပ်များနှင့်ပတ်သက်၍ အပြန်အလှန် ထောက်ခံမှုများပေးကြရန် နှစ်ဖက်စလုံးက ကတိကဝတ်ပြုခဲ့ကြပါသည်။ ဆွေးနွေးမှုများကို ခင်မင်ရင်းနှီးမှု၊ အပြန်အလှန် ယုံကြည်မှုနှင့် နားလည်မှုတို့ကို အခြေခံ၍ ပြုလုပ်ခဲ့သည်။

နှစ်နိုင်ငံဆွေးနွေးပွဲတွင် ဗီယက်နမ်နိုင်ငံမှ အာဆီယံအလှည့်ကျ ဥက္ကဋ္ဌတာဝန်ကို ၂၀၁၀ခုနှစ်၊ ဇန်နဝါရီလမှစတင်၍ လက်ခံဆောင်ရွက်ခြင်းအတွက် ဝမ်းမြောက်ဂုဏ်ယူကြောင်း မြန်မာဘက်မှပြောကြားခဲ့သည်။ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်က ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ်အား မြန်မာနိုင်ငံတွင် ရွေးကောက်ပွဲဥပဒေများ ထုတ်ပြန်ကြေညာခြင်း၊ ရွေးကောက်ပွဲကော်မရှင်ဖွဲ့စည်းခြင်းအပါအဝင် ဒီမိုကရေစီ အသွင်ကူးပြောင်းရေးအတွက် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ် အကောင်အထည်ဖော်မှု အခြေအနေများကိုလည်းကောင်း၊ စီးပွားရေး၊ လူမှုရေးကဏ္ဍများတွင် တိုးတက်ဖြစ်ပေါ်မှုများကိုလည်းကောင်း ရှင်းလင်းပြောကြားခဲ့သည်။ ဗီယက်နမ်ဝန်ကြီးချုပ်က မြန်မာနိုင်ငံ၏ သိမ်မွေ့နက်နဲသည့် အခြေအနေများကို နားလည်သဘောပေါက်ကြောင်းနှင့် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ် အောင်မြင်အောင် အကောင်အထည်ဖော်ကြိုးပမ်းဆောင်ရွက်နေမှုများကို ထောက်ခံကြောင်း ထပ်လောင်းပြောကြားခဲ့သည်။ ဗီယက်နမ်ဝန်ကြီးချုပ်သည် မြန်မာနိုင်ငံတွင် ၂၀၁၀ခုနှစ်အတွင်း လွတ်လပ်၍ တရားမျှတသည့် ရွေးကောက်ပွဲများကျင်းပနိုင်ရေး ကြိုးပမ်းအားထုတ်မှုများကို ဆက်လက်ဆောင်ရွက်သွားရန် ထုတ်ဖော်အားပေး ပြောကြားခဲ့သည်။

ဝန်ကြီးချုပ် နှစ်ဦးတို့သည် နှစ်နိုင်ငံအကြား နိုင်ငံရေး၊ စီးပွားရေး၊ ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှု၊ ဆက်သွယ်ရေး၊ လေကြောင်းပို့သန်းရေး၊ ဘဏ်လုပ်ငန်း၊ လယ်ယာစိုက်ပျိုးရေး စသည့်ကဏ္ဍများတွင် အပြုသဘောဆောင်သည့် တိုးတက်ဖြစ်ပေါ်မှု အသစ်များအတွက် ဝမ်းမြောက်ကြောင်းနှင့် ဒေသတွင်းနှင့် နိုင်ငံတကာမျက်နှာစာများတွင် အထူးကောင်းမွန်သည့် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုများ ရှိနေခြင်းအပေါ် များစွာ နှစ်ထောင်းအားရကြောင်း ထုတ်ဖော်ပြောကြားခဲ့ကြသည်။

နှစ်နိုင်ငံဝန်ကြီးချုပ်နှစ်ဦးတို့သည် ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံတို့အကြား ကဏ္ဍစုံ ပူးပေါင်းဆောင်ရွက်မှု၊ အထူးသဖြင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုတွင် နှစ်နိုင်ငံစလုံး၏ အလားအလာကောင်းများကို အပြည့်အဝအသုံးချလျက် ဆက်လက်မြှင့်တင်ရန်နှင့် တိုးချဲ့ရန် သဘောတူညီခဲ့ကြသည်။ ဤယုံကြည်ချက်ဖြင့် နှစ်နိုင်ငံဝန်ကြီးချုပ်များသည် အဓိကပူးပေါင်းဆောင်ရွက်မှု နယ်ပယ် (၁၂)ရပ်ကို အောက်ဖော်ပြပါ လမ်းညွှန်ချက်များအတိုင်း မြှင့်တင်ဆောင်ရွက်ရန် အတည်ပြုခဲ့သည်-

စိုက်ပျိုးရေး

ဗီယက်နမ်နိုင်ငံ လယ်ယာစိုက်ပျိုးရေးနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနတို့အကြား စိုက်ပျိုးရေးဆိုင်ရာ နားလည်မှုစာချွန်လွှာကို ထိရောက်စွာ အကောင်အထည်ဖော်ရေးအတွက် အာရုံစိုက်ကြိုးပမ်းဆောင်ရွက်သွားရန်၊ စပါး၊ ပြောင်း၊ ကော်ဖီနှင့် လက်ဖက် အစရှိသည့် သီးနှံများ၏ အရည်အသွေးမြင့် မျိုးစေ့များ ထုတ်လုပ်ရေး ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရန်နှင့် လယ်ယာစိုက်ပျိုးရေးကဏ္ဍ၌ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုတို့ကို မြှင့်တင်ရေးတို့တွင် ပူးပေါင်းဆောင်ရွက်သွားရန် သဘောတူညီခဲ့ကြသည်။

စက်မှုကုန်ကြမ်းသီးနှံများ

ဗီယက်နမ်နိုင်ငံ လယ်ယာစိုက်ပျိုးရေးနှင့် ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနတို့အကြား ရော်ဘာပင် စိုက်ပျိုးရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ နားလည်မှုစာချွန်လွှာ (MOU) မူကြမ်းအပေါ် ဆွေးနွေးမှုကို အရှိန်တိုးမြှင့်သွားရန်၊ ရော်ဘာပင်များကို စီးပွားဖြစ် စိုက်ပျိုး ထုတ်လုပ်ရန် ရည်မှန်းချက်ကို ဆောလျင်စွာ အောင်မြင်စေရေးအတွက် ကြိုးပမ်းသွားရန်နှင့် ဗီယက်နမ်ကုမ္ပဏီများဖြစ်သည့် Viet Nam Rubber Group, Ho Chi Minh City Youth Volunteers နှင့် Hoang Anh Gia Lai Group တို့၏ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို လွယ်ကူချောမွေ့စေရေးအတွက် ဆောင်ရွက်ပေးရန်တို့ကို သဘောတူညီခဲ့ကြသည်။ ထို့ပြင် နှစ်ဖက်စလုံးက အခြားစက်မှုသီးနှံများ စိုက်ပျိုးထုတ်လုပ်ရေးတွင်လည်း ပူးပေါင်းဆောင်ရွက်မှုကို တိုးချဲ့ဆောင်ရွက်သွားရန် သဘောတူညီခဲ့ကြသည်။

ငါးလုပ်ငန်း

ငါးမွေးမြူရေး၊ ငါးဖမ်းလုပ်ငန်း၊ ရေလုပ်ငန်းဆိုင်ရာ ထုတ်ကုန်များ တင်ပို့ခြင်း၊ တင်သွင်းခြင်းတို့ကို တိုးမြှင့်ဆောင်ရွက်သွားရန်နှင့် မြန်မာနိုင်ငံ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနနှင့် ဗီယက်နမ်နိုင်ငံ စိုက်ပျိုးရေးနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနတို့အကြား ချုပ်ဆိုထားသည့် နားလည်မှုစာချွန်လွှာနှင့်အညီ ငါးလုပ်ငန်းကဏ္ဍတွင် သိပ္ပံနည်းကျနှင့် နည်းပညာပိုင်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်ဆောင်ရွက်ကြရန် သဘောတူညီခဲ့ကြသည်။ သို့ဖြစ်ရာ ငါးလုပ်ငန်းနှင့် ငါးမွေးမြူရေးကဏ္ဍတွင် ဖက်စပ်လုပ်ငန်းများ တည်ထောင်ရေး၊ ဗီယက်နမ်နိုင်ငံ၏ A.S.V. Holding ကုမ္ပဏီနှင့် မြန်မာမိတ်ဖက်ကုမ္ပဏီများအကြား ဖက်စပ်ကုမ္ပဏီထူထောင်ရေးတို့ကို အားပေး၍ လိုအပ်သည်များကို ပံ့ပိုးကူညီပေးကြရန် နှစ်ဖက်စလုံးမှ သဘောတူညီခဲ့ကြသည်။

ဘဏ်လုပ်ငန်းနှင့် ဘဏ္ဍာရေး

နှစ်ဖက်စလုံးက ရန်ကုန်မြို့တွင် ဗီယက်နမ်ရင်းနှီးမြှုပ်နှံမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုဘဏ် (BIDV)၏ ကိုယ်စားလှယ်ရုံး ဖွင့်လှစ်ခြင်းကို ကြိုဆိုကြသည်။ အနာဂတ်တွင် ဘဏ်လုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေးအတွက် အခြေခံဥပဒေမူဘောင် ချမှတ်နိုင်ရန် မြန်မာနိုင်ငံတော်ဗဟိုဘဏ်နှင့် ဗီယက်နမ်နိုင်ငံတော်ဘဏ်တို့အကြား ပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးနိုင်ခြင်းအတွက်လည်း ဝမ်းမြောက်ကြောင်း ဖော်ပြခဲ့ကြသည်။

လေကြောင်းပို့သန်းမှု

နှစ်ဖက်စလုံးသည် ဟန်ွိုင်း-ရန်ကုန် တိုက်ရိုက်လေကြောင်းပို့သန်းမှု စတင်ခြင်းနှင့် ရန်ကုန်မြို့တွင် ဗီယက်နမ်လေကြောင်းကိုယ်စားလှယ်ရုံး ဖွင့်လှစ်ခြင်းအတွက် နှစ်ထောင်းအားရဖြစ်မိကြောင်း ထုတ်ဖော်ခဲ့ကြသည်။ နှစ်နိုင်ငံလေကြောင်းလိုင်းများမှ လေယာဉ်ဝန်ထမ်းများအား ဗီဇာကင်းလွတ်ခွင့်ပြုရေးဆိုင်ရာ သဘောတူစာချုပ်တစ်ရပ် ချုပ်ဆိုရေးကိုလည်းကောင်း၊ မြန်မာ့လေကြောင်း၏ နိုင်ငံတကာလေကြောင်းလမ်းများတွင် သင့်လျော်သည့်အချိန်၌ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုပြုလုပ်ရန် အလားအလာကိုလည်းကောင်း စဉ်းစားဆွေးနွေးရန် သဘောတူညီခဲ့ကြသည်။

ဆက်သွယ်ရေး

နှစ်ဖက်စလုံးသည် ရန်ကုန်မြို့တွင် ဗီယက်နမ်ကုမ္ပဏီ Viettel ၏ ကိုယ်စားလှယ်ရုံး ဖွင့်လှစ်ခြင်းနှင့် နှစ်နိုင်ငံအကြား အလိုအလျောက် အပြန်အလှန် ချိတ်ဆက်နိုင်မှု၊ နိုင်ငံတကာ အလိုအလျောက် အပြန်အလှန် ချိတ်ဆက်နိုင်မှုဆိုင်ရာ ပင်မနေရာနှင့် နိုင်ငံတကာ တယ်လီဖုန်း ပြောဆိုဆက်သွယ်မှုဆိုင်ရာစာချုပ်များ သဘောတူလက်မှတ်ရေးထိုးခြင်းတို့ကို ကြိုဆိုကြသည်။ မြန်မာနိုင်ငံရှိ VNPT ၏ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းများကို အားပေးလျက် Viettel မှ တင်ပြသည့် အခြားရင်းနှီးမြှုပ်နှံမှုစီမံကိန်းများကိုလည်း ဆက်လက်စဉ်းစားဆောင်ရွက်ပေးရန် မြန်မာဘက်မှ သဘောတူညီခဲ့သည်။

ရေနံနှင့် သဘာဝဓာတ်ငွေ့

မြန်မာအစိုးရသည် မြန်မာ့ကမ်းလွန်ဒေသ၌ Petro Vietnam ရေနံကုမ္ပဏီအတွက် ရေနံနှင့် သဘာဝဓာတ်ငွေ့ရှာဖွေရေးနှင့် ထုတ်လုပ်ရေး၌ အပြန်အလှန် အကျိုးကျေးဇူးရှိစေမည့် အခြေအနေများ ဆက်လက်ဖန်တီးပေးရန် သဘောတူညီခဲ့သည်။ ထို့အပြင် မြန်မာအစိုးရသည် A.S.V Holding ကုမ္ပဏီက မြန်မာနိုင်ငံတွင် ရေနံနှင့် သဘာဝဓာတ်ငွေ့ ရှာဖွေထုတ်လုပ်ရန် ရည်ရွယ်ထားမှုကိုလည်း စဉ်းစားသွားရန် သဘောတူညီခဲ့သည်။

သတ္တုတူးဖော်ခြင်းလုပ်ငန်း

မြန်မာနိုင်ငံသည် ဗီယက်နမ်ကုမ္ပဏီ SIMCO Song Da Joint Stock Company အား မြန်မာနိုင်ငံ မန္တလေးတိုင်း၊ မတ္တရာမြို့နယ်၊ သာဗျောတောင်၊ ပုလဲအင်းဒေသတွင် စကျင်ကျောက်ဖြူ ထုတ်လုပ်ရေးလုပ်ငန်း လုပ်ကိုင်ခွင့်ပေးခဲ့ခြင်းကို ဗီယက်နမ်ဘက်မှ များစွာတန်ဖိုးထားသည်။ မြန်မာဘက်ကလည်း ဗီယက်နမ်ကုမ္ပဏီများ မြန်မာနိုင်ငံ၌ သတ္တုတူးဖော်ခြင်းလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်မှုတွင် အဆင်ပြေ ချောမွေ့စေရေးအတွက် ကူညီဆောင်ရွက်ပေးရန် သဘောတူညီခဲ့သည်။

လျှပ်စစ်ပစ္စည်းများ ထုတ်လုပ်ခြင်း

ဗီယက်နမ်ကုမ္ပဏီများဖြစ်သည့် Viet A နှင့် Hanaka Groups အပါအဝင် ဗီယက်နမ်ကုမ္ပဏီများက မြန်မာနိုင်ငံတွင် လျှပ်စစ်ပစ္စည်းများ ထောက်ပံ့ရန်နှင့် ထုတ်လုပ်မှု ပူးပေါင်းဆောင်ရွက်ရန် ရည်ရွယ်ထားရှိခြင်းကို မြန်မာဘက်မှ စိတ်ဝင်စားစွာ မှတ်သားခဲ့သည်။

မော်တော်ယာဉ်ထုတ်လုပ်ခြင်းနှင့် အပိုပစ္စည်းများတပ်ဆင်ခြင်း

မြန်မာနိုင်ငံသည် Vinaxuki၊ Samco နှင့် Vinamotor တို့ အပါအဝင် ဗီယက်နမ်ကုမ္ပဏီများက မြန်မာနိုင်ငံ၌ မော်တော်ယာဉ်ထုတ်လုပ်ခြင်းနှင့် တပ်ဆင်ခြင်းကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှုပြုလုပ်ရန် ဆန္ဒရှိသည်ကို စိတ်ဝင်စားစွာ မှတ်သားခဲ့သည်။

ဆောက်လုပ်ရေး

မြန်မာနိုင်ငံသည် Hoang Anh Gia Lai အုပ်စုနှင့် Simco Song Da တို့ အပါအဝင် ဗီယက်နမ်ကုမ္ပဏီများက မြန်မာနိုင်ငံ၌ ဟိုတယ်၊ ကုန်သွယ်ရေးနှင့် ယဉ်ကျေးမှုဗဟိုဌာန တည်ဆောက်ရေးလုပ်ငန်း စီမံချက်များနှင့် အခြားဖွံ့ဖြိုးရေးလုပ်ငန်းစီမံချက်များတွင် ရင်းနှီးမြှုပ်နှံမှုပြုလုပ်လိုခြင်းကို ကြိုဆိုကာ အဆိုပါကုမ္ပဏီများနှင့် ဆွေးနွေးညှိနှိုင်းမှု ပြုလုပ်ရန် သဘောတူညီခဲ့သည်။

ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု ပူးပေါင်းဆောင်ရွက်ခြင်း

ကုန်စည်များနှင့် ဝန်ဆောင်မှုလုပ်ငန်းများ ကုန်သွယ်ရေးတွင် ပူးပေါင်းဆောင်ရွက်ရန်အတွက် အခွင့်သာသည့် အခြေအနေများကို ဖန်တီးရန် နှစ်ဖက်စလုံးက သဘောတူညီခဲ့သည်။ ထို့အပြင် ကုန်သွယ်ရေးမြှင့်တင်မှု လုပ်ငန်းများကိုလည်း အားပေးကူညီကာ နှစ်နိုင်ငံ စီးပွားရေးအသိုင်းအဝိုင်းများအကြား အပြန်အလှန် ဆက်သွယ်ဆောင်ရွက်သွားကြရန် သဘောတူညီကြသည်။ ဗီယက်နမ်နိုင်ငံက မြန်မာနိုင်ငံရှိ လက်လီနှင့် လက်ကားလုပ်ငန်းများတွင်လည်း စိတ်ဝင်စားမှုရှိသည်ကို ထုတ်ဖော်ပြောကြားခဲ့သည်။ နှစ်ဖက်စလုံးက ကုန်ပစ္စည်းများ အရည်အသွေးစိစစ်ခြင်းတွင် အပြန်အလှန်အသိအမှတ်ပြုမှုဆိုင်ရာ သဘောတူညီချက်များရရှိရေးအတွက် စေ့စပ်ညှိနှိုင်းရန်လည်း သဘောတူညီခဲ့ကြသည်။

နှစ်ဖက်စလုံးက ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ဆောင်ရွက်ရေးအတွက် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုများ ခိုင်မာလာစေရန် သဘောတူညီခဲ့ကြသည်။ ထိုသို့ ဆောင်ရွက်ရာတွင် ဗီယက်နမ်နိုင်ငံ စီမံကိန်းနှင့် ရင်းနှီးမြှုပ်နှံရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနတို့အကြား လက်မှတ်ရေးထိုးထားသည့် နားလည်မှုစာချွန်လွှာနှင့် သက်ဆိုင်ရာဥပဒေများအရ ဆောင်ရွက်သွားကြမည်ဖြစ်သည်။

နှစ်ဖက်စလုံးသည် မိမိတို့၏စီးပွားရေး အဖွဲ့အစည်းများအား သက်ဆိုင်ရာနိုင်ငံများတွင် စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်နိုင်ရန်အတွက် ကုမ္ပဏီများတည်ထောင်လုပ်ဆောင်ခြင်းကို ကြိုဆိုခဲ့ကြသည်။ မြန်မာနိုင်ငံ၌ BIDV အုပ်စုမှ မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ဖွံ့ဖြိုးတိုးတက်မှု ကုမ္ပဏီလီမိတက် (MIDV)ကို တည်ထောင်ရန် မကြာသေးမီက လျှောက်လွှာတင်သွင်းခြင်းကို နှစ်ဖက်စလုံးမှ ဝမ်းမြောက်စွာ မှတ်သားခဲ့ကြသည်။

အခြားပူးပေါင်းဆောင်ရွက်မှုများ

အထက်ဖော်ပြပါ ကဏ္ဍများအပြင် ဝန်ကြီးချုပ်နှစ်ဦးသည် ယဉ်ကျေးမှု၊ ပညာရေး၊ အားကစား၊ ခရီးသွားလုပ်ငန်း၊ ကျန်းလမ်းပို့ဆောင်ရေး၊ နှစ်နိုင်ငံ ကာကွယ်ရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ နားလည်မှုစာချွန်လွှာကို ညှိနှိုင်းဆွေးနွေးရန် အပါအဝင် လုံခြုံရေးနှင့် ကာကွယ်ရေးနယ်ပယ်များတွင် ပူးပေါင်းဆောင်ရွက်မှု ခိုင်မာလာစေရန်နှင့် မြှင့်တင်သွားရန် သဘောတူညီခဲ့ကြသည်။ ထို့ပြင်နှစ်ဖက်စလုံးသည် သစ်တောကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေး သဘောတူစာချုပ် ချုပ်ဆိုနိုင်ရေးအတွက် စေ့စပ်ဆွေးနွေးခြင်း အပါအဝင် သစ်တောလုပ်ငန်းနယ်ပယ်တွင် ပူးပေါင်းဆောင်ရွက်ရန်ကိစ္စအပေါ် ဆွေးနွေးသွားရန် သဘောတူခဲ့ကြသည်။

နှစ်ဖက်စလုံးသည် နှစ်နိုင်ငံအကြား သာမန်နိုင်ငံကူးလက်မှတ် ကိုင်ဆောင်သူများအတွက် ဗီဇာကင်းလွတ်ခွင့် သဘောတူစာချုပ်ကို ဆောလျင်စွာ ချုပ်ဆိုနိုင်ရေးအတွက် လက်တွဲဆောင်ရွက်သွားရန် မျှော်လင့်သည်။ ယင်းသဘောတူစာချုပ်ကို အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ သာမန်နိုင်ငံကူးလက်မှတ် ကိုင်ဆောင်သူများအတွက် ဗီဇာကင်းလွတ်ခွင့်ပေးရန် အာဆီယံမူဘောင် သဘောတူစာချုပ်နှင့်အညီ ဆောင်ရွက်သွားရန်ဖြစ်သည်။

နှစ်နိုင်ငံဝန်ကြီးချုပ်တို့သည် ဗီယက်နမ်ဝန်ကြီးချုပ်၏ ခရီးစဉ်အတွင်း ချုပ်ဆိုခဲ့သော စာချုပ်များကို ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားရန် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများအား တာဝန်ပေးရန် သဘောတူညီခဲ့ကြပြီး နှစ်နိုင်ငံအကြား အစဉ်အလာရှိသော ချစ်ကြည်ရင်းနှီးမှုနှင့် ဘက်ပေါင်းစုံ ပူးပေါင်းဆောင်ရွက်မှုကို ဆက်လက် တိုးမြှင့်သွားရန်ကိုလည်း သဘောတူညီခဲ့ကြသည်။

ဤပူးတွဲထုတ်ပြန်ချက်ကို နေပြည်တော်၌ ၂၀၁၀ခုနှစ်၊ ဧပြီ (၂)ရက်တွင် ထုတ်ပြန်ခဲ့သည်။

နိုင်ငံခြားရေးဝန်ကြီးဌာန
နေပြည်တော်

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၄-၄-၂၀၁၀ (တနင်္ဂနွေနေ့)

		နံနက်ပိုင်း
၇:၀၀	၁။	တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
	-	ယောဆရာတော်ဟောကြားတော်မူသော ဥပ္ပါတသန္တိ ပါဠိတော်
၇:၃၀	၂။	နံနက်ခင်းသတင်း
၇:၄၀	၃။	အင်္ဂုဇယမင်္ဂလံ (ယဉ်ဝေယံထွန်း၊ တေးရေး-ဂီတစာဆိုမျိုးနွယ်ဆွေ)
၇:၅၀	၄။	သံသာချီအေး မင်္ဂလာတေး
၈:၀၀	၅။	ယဉ်ကျေးလိမ္မာ (၃၈)ဖြာမင်္ဂလာ
၈:၁၀	၆။	အတီးပြိုင်ပွဲ
၈:၂၅	၇။	ခါသကြန်အဆိုအကများ
၈:၄၀	၈။	International News
၈:၄၅	၉။	Connect with English (Episode-37)(Thanks giving)
		နေ့လယ်ပိုင်း
၁၁:၀၀	၁။	စစ်သည်တေး
၁၁:၁၀	၂။	ခါသကြန်အဆိုအကများ
၁၁:၂၀	၃။	တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်
၁၁:၃၀	၄။	အတီးပြိုင်ပွဲ
၁၂:၂၀	၅။	Golf Magazine (TV)
၁၂:၄၀	၆။	မြန်မာရုပ်ရှင် **အချစ်ဆုံးကိုသိချင်တယ်** ရန်အောင်၊ မေသန်းနု၊ မျိုးသန္တာထွန်း (ဒါရိုက်တာ-ဝေဦး)
၁၄:၂၅	၇။	တေးဂီတအစီအစဉ်
၁၄:၄၀	၈။	ခါသကြန်အဆိုအကများ
၁၄:၄၅	၉။	International News
		ညပိုင်း
၃:၄၅	၁။	Myanmar National League MNL Cup (2010) ဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှု အစီအစဉ် (မကွေး FC နှင့် ရန်ကုန်ယူနိုက်တက် FC)
၅:၄၅	၂။	တေးဂီတအစီအစဉ်
၆:၀၀	၃။	ညနေခင်းသတင်း
၆:၁၅	၄။	မိုးလေဝသအခြေအနေ
၆:၂၀	၅။	ကာတွန်းအစီအစဉ် BUGS' ADVENTURES (အပိုင်း-၇)
၆:၄၀	၆။	တစ်မျက်နှာ တစ်ကွက်စာ **ပန်းမွေ့ရာခင်း** ခန့်ထက်နိုင်၊ ဖွဲနှောင်း၊ ထက်ဆုဝင်း (ဒါရိုက်တာ-အောဝမ်းသန်းထွဋ်)
၇:၀၀	၇။	နိုင်ငံခြားဇာတ်လမ်းတွဲ **တော်ဝင်နှလုံးသား** (အပိုင်း-၂၅)
၈:၀၀	၈။	ပြည်တွင်းသတင်း
	၉။	နိုင်ငံတကာသတင်းများ
	၁၀။	မိုးလေဝသအခြေအနေ
	၁၁။	ကာတွန်းအစီအစဉ် **တောကောင်ငယ် သိုင်းညီနောင်လေးများ** (အပိုင်း-၁၃)
	၁၂။	နိုင်ငံခြားဇာတ်လမ်းတွဲ **ရွှေဖူးစာလည်** (အပိုင်း-၁၉)
	၁၃။	အစီအစဉ်ပြီး၏။

ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ငုယင်တန်ဇွန်း

မြန်မာ-ဗီယက်နမ် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး ကွန်ဖရင့်သို့ တက်ရောက်

ရန်ကုန် ဧပြီ ၃

မြန်မာ-ဗီယက်နမ် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး ကွန်ဖရင့်ကို ယနေ့နံနက် ၉နာရီခွဲတွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ်ရှိ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ရုံး၌ ကျင်းပရာ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာငုယင်တန်ဇွန်း တက်ရောက်သည်။

တက်ရောက်

အဆိုပါ ကွန်ဖရင့်သို့ ပြည်ထောင်စုမြန်မာနိုင်ငံတော်၌ အလုပ်သဘော ခရီး ရောက်ရှိနေသော ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ငုယင်တန်ဇွန်း ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ဝင်များ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီး သူရိန်ဇော်၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီး လှသိန်းဆွေ၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးဉာဏ်ထွန်းအောင်၊ သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် သူရအောင်ကို၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးခင်မောင်စိုး၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Chu Cong Phung နှင့် သံရုံးမှ တာဝန်ရှိသူများ၊ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ မြန်မာ-ဗီယက်နမ် နှစ်နိုင်ငံ စီးပွားရေးလုပ်ငန်းရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်းက အဖွင့်အမှာစကား ပြောကြားပြီး ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ စီမံကိန်းနှင့်ရင်းနှီးမြှုပ်နှံမှုဝန်ကြီးဌာန ဝန်ကြီး H.E. Mr. Vo Hong Phuc က နှုတ်ခွန်းဆက်စကား ပြောကြားသည်။

မြန်မာ-ဗီယက်နမ် နှစ်နိုင်ငံ စီးပွားရေးလုပ်ငန်းရှင်များက ဆက်သွယ်ရေး၊ ရေလုပ်ငန်း၊ စက်မှု၊ စွမ်းအင်၊ ကုန်သွယ်ရေး၊ ခရီးသွားလုပ်ငန်း၊ အားကစားဆိုင်ရာ သဘောတူစာချုပ်နှင့် နားလည်မှုစာချွန်လွှာများကို လက်မှတ်ရေးထိုးကြစဉ်။ (သတင်းစဉ်)

ရှင်းလင်းပြောကြား

ထို့နောက် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးသူရိန်ဇော်က စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် အရေးကြီးသော လုပ်ငန်းကဏ္ဍများ၊ ရင်းနှီးမြှုပ်နှံမှု မူဝါဒများနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ မက်လုံးပေးမှုများအတွက် မဟာဗျူဟာများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ ဦးဝင်းမြင့်က နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ယင်းနောက် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာ ငုယင်တန်ဇွန်းက အမှာစကား ပြောကြားသည်။

လက်မှတ်ရေးထိုး

ထို့နောက် ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့် မြန်မာနိုင်ငံရှိ ဗီယက်နမ် ရင်းနှီးမြှုပ်နှံသူများအသင်း ဥက္ကဋ္ဌ Mr. Tran Bac Ha တို့က နှစ်နိုင်ငံအကြား ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးနှင့် စပ်လျဉ်း၍လည်းကောင်း၊ မြန်မာ-ဗီယက်နမ် နှစ်နိုင်ငံစီးပွားရေးလုပ်ငန်းရှင်များက ဆက်သွယ်ရေး၊ရေလုပ်ငန်း၊ စက်မှု၊ စွမ်းအင်၊ ကုန်သွယ်ရေး၊ ခရီးသွားလုပ်ငန်း၊ အားကစားဆိုင်ရာများနှင့်စပ်လျဉ်း၍လည်းကောင်း သဘောတူစာချုပ်နှင့် နားလည်မှုစာချွန်လွှာ (၁၁)ခုတို့ကို လက်မှတ်ရေးထိုးကြပြီး အပြန်အလှန် လဲလှယ်ကြသည်။

ဆက်လက်၍ မြန်မာနိုင်ငံရှိ ဗီယက်နမ် ရင်းနှီးမြှုပ်နှံသူများအသင်း ဥက္ကဋ္ဌ Mr. Tran Bac Ha က အသင်းအကြောင်းကို ရှင်းလင်းပြောကြားပြီး ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များက အားကစားကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ၊ ပညာရေးကဏ္ဍနှင့် စက်မှုကဏ္ဍများအတွက် အလှူငွေများကို ပေးအပ်လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံကြသည်။

ကျေးဇူးတင်စကားပြောကြား

ယင်းနောက် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Chu Cong Phung က ကျေးဇူးတင်စကား ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

အမှာစကား ပြောကြား

ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ငုယင်တန်ဇွန်း မြန်မာ - ဗီယက်နမ် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး ကွန်ဖရင့်တွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

သင်္ကြန်အကြိုမ်မြောက် ရခိုင်ရိုးရာသင်္ကြန်ပွဲတော် စည်ကားစွာကျင်းပမည်

ရန်ကုန် ဧပြီ ၃

ရခိုင်စာပေနှင့် ယဉ်ကျေးမှုအဖွဲ့(ရန်ကုန်)ကကြီးမှူး၍ သင်္ကြန်အကြိမ်မြောက် ရခိုင်ရိုးရာသင်္ကြန်ပွဲတော်ကို ဧပြီ ၁၂ရက် ညနေ ၃နာရီမှ စတင်ကာ ဧပြီ ၁၆ရက်အထိ မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ သိမ်ဖြူကားမောင်းသင်ကွင်း၌ ကျင်းပသွားမည်ဖြစ်သည်။ ဧပြီ ၁၂ရက် ညနေ ၃နာရီတွင် နံ့သာသွေးပွဲ၊ ဧပြီ ၁၃ရက်တွင် ဘုရားရေသပ္ပာယ်ပွဲနှင့် သင်္ကြန်ဖွင့်ပွဲ၊ ရိုးရာအကပဒေသာနှင့် တေးဂီတအစီအစဉ်များ၊ ဧပြီ ၁၄ရက်မှ ၁၆ရက်အထိ ရခိုင်ရိုးရာ ရေကစားပွဲတော်နှင့် အဆိုအကဖြေဖျော်မှုများ ပါဝင်မည့်အပြင် ရခိုင်မြို့နယ်အသင်းများ၊ လူမှုရေးအသင်းများကို ကိုယ်စားပြုသော လောင်းလှေနှင့် ရေလောင်းမည့်မဏ္ဍပ် ၁၄ခုခန့် ပါဝင်မည်ဖြစ်သည်။

ဆက်သွယ်နိုင်

ထို့ပြင် ရခိုင်ရိုးရာသင်္ကြန်ပွဲတော်ရက်များအတွင်း ရခိုင်ရိုးရာစားသောက်ဆိုင်များ၊ ရခိုင်သင်္ကြန်အထိမ်းအမှတ် လက်ဆောင်ပစ္စည်းဆိုင်များ ဖွင့်လှစ်ရောင်းချသွားမည်ဖြစ်ရာ ဆိုင်ခန်းဖွင့်လိုသူများ၊ မဏ္ဍပ်ဝင်ရောက်လိုသူ လှပျိုဖြူများ၊ ကူညီပံ့ပိုးလိုသော စီးပွားရေးလုပ်ငန်းရှင်များနှင့် လှူဒါန်းလိုသူများသည် ရခိုင်သင်္ကြန်ဖြစ်မြောက်ရေးကော်မတီဝင်များဖြစ်ကြသော ဒေါ်စောခင်တင့် ဖုန်း-၇၀၉၇၈၅၊ ဦးဇော်အေးမောင် ဖုန်း-၀၉-၅၀-၄၀၄၀၇၊ ဦးကျော်ရင် ဖုန်း-၃၇၆၈၄၈၊ ဦးဦးလှမြင့် ဖုန်း-၀၉-၅၀-၀၂၈၃၁နှင့် ဦးဖိုးတင် ဖုန်း-၀၉-၈၅-၀၂၈၂၂ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ ***(မြန်မာ့အလင်း)***

(၆၅)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ထန်းတပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ် အဖွဲ့ရန်ပုံငွေဖြင့်ဆောင်ရွက်သော ထန်းတပင်မြို့ မြို့သစ်လမ်းအပိုင်း (၃) ကတ္တရာလမ်းသစ် ဖွင့်ပွဲအခမ်းအနားကို မတ် ၂၇ရက်က အဆိုပါလမ်းမုခ်ဦး၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဖုန်းထက်နိုင်မြင့်၊ အမှုဆောင်အရာရှိ (ဦးစီးအရာရှိ) ဦးကျော်စိုးနှင့် တာဝန်ရှိသူတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

ကမ္ဘာလုံးဆိုင်ရာ လမ်းအန္တရာယ်ကင်းရှင်းရေး ရက်သတ္တပတ်လှုပ်ရှားမှု ဖွင့်ပွဲကျင်းပ

နေပြည်တော် ဧပြီ ၃

နေပြည်တော် ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ ကမ္ဘာလုံးဆိုင်ရာ လမ်းအန္တရာယ်ကင်းရှင်းရေး ရက်သတ္တပတ်လှုပ်ရှားမှုဖွင့်ပွဲအခမ်းအနားကို ဧပြီ (၁)ရက် နံနက် ၈နာရီက နေပြည်တော်ပျဉ်းမနား ရန်ကုန်-မန္တလေး လမ်းဟောင်းနှင့် ရာဇဌာနီလမ်းဆုံ၌ကျင်းပရာ ကမ္ဘာလုံးဆိုင်ရာ လမ်းအန္တရာယ်ကင်းရှင်းရေးရက်သတ္တပတ် လှုပ်ရှားမှု အထိမ်းအမှတ် မြေစိုက်ပိုစတာကို နေပြည်တော် ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ ဒုတိယဥက္ကဋ္ဌ နေပြည်တော်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ခင်၊ စစ်ဆေးအရေးယူရေး ဆပ်ကော်မတီ ဥက္ကဋ္ဌ နေပြည်တော်ခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးဇော်ဝင်းအောင်နှင့် နေပြည်တော် ယာဉ်ထိန်းရဲတပ်ဖွဲ့ ဌာနခွဲမှူး ရဲမှူးမျိုးညွန့်ဦးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး တာဝန်ရှိသူများက မော်တော်ယာဉ်များကို စတေကာများ ကပ်ပေးခဲ့ကြသည်။ (ခရိုင် ပြန်/ဆက်)

အောင်ပန်း ပြည်သာယာဈေး၌ ရေနုတ်မြောင်းတူးဖော်

ကလော ဧပြီ ၃

ကလောမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ၏ စီမံမှုဖြင့် အောင်ပန်း ပြည်သာယာဈေး သန့်ရှင်းသာယာ လှပစေရေးအတွက် မတ် ၂၇ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများနှင့် ဈေးမိဈေးဖများ စုပေါင်း၍ ဈေးအတွင်း ရေနုတ်မြောင်းများ ဆယ်ယူခြင်းနှင့် သန့်ရှင်းရေးလုပ်ငန်းများ စုပေါင်းဆောင်ရွက်ကြသည်။

(မြို့နယ်စည်ပင်)

ဗီယက်နမ်နိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ငုယင်တန်ဇွန်း ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ ရန်ကုန်မြို့သို့ ရောက်ရှိ

ရန်ကုန် ဧပြီ ၃

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်၏ ဖိတ်ကြားချက်အရ ပြည်ထောင်စုမြန်မာနိုင်ငံတော်၌ အလုပ်သဘောခရီးရောက်ရှိနေသော ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ငုယင်တန်ဇွန်း ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးဉာဏ်ထွန်းအောင်၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးခင်မောင်စိုး၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Chu Cong Phung နှင့် တာဝန်ရှိသူများ လိုက်ပါလျက် ယနေ့နံနက် ၈ နာရီ ၂၅ မိနစ်တွင် နေပြည်တော်မှ အထူးလေယာဉ်ဖြင့် ရန်ကုန်မြို့သို့ ရောက်ရှိကြသည်။ **(အပေါ်ပုံ)**

ကြိုဆိုနှုတ်ဆက်

ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ငုယင်တန်ဇွန်း ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝင်းမြင့်၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေ၊ သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကိုနှင့် တာဝန်ရှိသူများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သံရုံးမိသားစုဝင်များက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။ **(သတင်းစဉ်)**

ယဉ်ကျေးမှုဝန်ကြီးဌာန နှစ်ပတ်လည်နေ့ အခမ်းအနားကျင်းပ ဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့် တက်ရောက်၊ ဆုများပေးအပ်ချီးမြှင့်

နေပြည်တော် ဧပြီ ၃

ယဉ်ကျေးမှုဝန်ကြီးဌာန၏(၅၈)နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားကို ဧပြီ ၂ ရက် ညနေ ၆ နာရီတွင် နေပြည်တော်ရှိ ယဉ်ကျေးမှုဝန်ကြီးဌာန ဘက်စုံခန်းမ၌ ကျင်းပရာ ယဉ်ကျေးမှုဝန်ကြီးဌာနဝန်ကြီးဗိုလ်ချုပ်ခင်အောင်မြင့် တက်ရောက်၍ ထူးချွန်ဆုများ ပေးအပ်ချီးမြှင့်သည်။

ယဉ်ကျေးမှုဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့် ယဉ်ကျေးမှုဝန်ကြီးဌာန၏ (၅၈)နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားတွင် ထူးချွန်ဆုရရှိသူများအား ဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

ဆုများချီးမြှင့်

အခမ်းအနားတွင် ဝန်ကြီးဗိုလ်ချုပ်ခင်အောင်မြင့်က ၂၀၀၉-၂၀၁၀ ခုနှစ်အတွင်း ကျင်းပခဲ့သော ပြိုင်ပွဲများတွင် ထူးချွန်ဆုရရှိသူများအား ဆုများပေးအပ်ချီးမြှင့်ရာ၌ တတိယအကြိမ်မြောက်ထမနဲထိုးပြိုင်ပွဲတွင် ပထမဆုရ သမိုင်းသုတေသနဦးစီးဌာန၊ ဒုတိယဆုရ အနုပညာဦးစီးဌာန၊ တတိယဆုရ ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန၊ နှစ်သိမ့်ဆုရ ယဉ်ကျေးမှုဝန်ကြီးရုံးတို့အားလည်းကောင်း၊ ဒုတိယအကြိမ်မြောက် အငြိမ့်ပြိုင်ပွဲတွင် ပထမဆုရ မန္တလေးဌာနခွဲမှ တင့်လှပေဟန်အငြိမ့်အဖွဲ့၊ ဒုတိယဆုရ ထုတ်လုပ်ဌာနခွဲမှ ရွှေမြန်မာအငြိမ့်အဖွဲ့၊ တတိယဆုရ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်)မှ ကုမုဒြာအငြိမ့်အဖွဲ့၊ နှစ်သိမ့်ဆုရ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (မန္တလေး)မှ မန်းဇေကရီ အငြိမ့်အဖွဲ့၊ ခေါင်းဆောင်မင်းသမီးဆုရ ထုတ်လုပ်ဌာနခွဲမှ စန်းနီလာဝင်း (ရွှေမြန်မာ)၊ ရှေ့ထွက် မင်းသမီးဆုရ မန္တလေးဌာနခွဲမှ ဆောင်းနှင်းဝေဝေ (တင့်လှပေဟန်)၊ လူရွှင်တော် အဖွဲ့လိုက်ဆုရ မန္တလေးဌာနခွဲမှ ကုလားမနှင့် အဖွဲ့ (တင့်လှပေဟန်)၊ ဆိုင်းအဖွဲ့လိုက်ဆုရ မန္တလေးဌာနခွဲမှ ဦးစိုးတင့်လွင်နှင့်အဖွဲ့ (တင့်လှပေဟန်) အဖွဲ့တို့အားလည်းကောင်း၊ စတုတ္ထအကြိမ်မြောက် အရာထမ်းများအဆင့် အင်္ဂလိပ်စာစွမ်းရည်ပြိုင်ပွဲတွင် ညွှန်ကြားရေးမှူးအဆင့်၌ ပထမဆုရ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (မန္တလေး) မှ ဌာနမှူး (သင်တန်း) ဦးအောင်နိုင်မြင့်၊ ဒုတိယဆုရ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (မန္တလေး)မှ ပါမောက္ခ(ပန်းပု) ဒေါ်မြင့်မြင့်စန်း၊ တတိယဆုရ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (မန္တလေး)မှ ပါမောက္ခ (ဂီတ) ဦးဇော်ဝင်းမင်းနှင့် ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန (ပုဂံဌာနခွဲ)မှ ညွှန်ကြားရေးမှူး ဦးဝေလွင်၊ ဒုတိယညွှန်ကြားရေးမှူး အဆင့်၌ ပထမဆုရ ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန (မန္တလေးဌာနခွဲ)မှ ဦးမြင့်ဇော်၊ ဒုတိယဆုရ ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန (နေပြည်တော်) မှ ဦးသန်းဝင်းနှင့်ဒေါ်စိုးစိုးဝင်း၊ တတိယဆုရ အနုပညာဦးစီးဌာန (မန္တလေးဌာနခွဲ)မှ ဦးစုအောင်၊ လက်ထောက်ညွှန်ကြားရေးမှူးအဆင့်၌ ပထမဆုရ အနုပညာဦးစီးဌာန (မန္တလေးဌာနခွဲ)မှ ဒေါ်ကြူကြူဝင်း၊ ဒုတိယဆုရ ယဉ်ကျေးမှုဝန်ကြီးရုံးမှ ဦးမင်းအေးကိုနှင့် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(မန္တလေး)မှ စာကြည့်တိုက်မှူး ဒေါ်ရီရီထွေး၊ တတိယဆုရ ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန (နေပြည်တော်)မှ ဒေါ်ဥမ္မာ၊ ဦးစီးအရာရှိအဆင့်၌ ပထမဆုရ အမျိုးသားစာကြည့်တိုက်မှ လက်ထောက်စာကြည့်တိုက်မှူး ဒေါ်ကေသီအေး၊ ဒုတိယဆုရ ဝန်ကြီးရုံးမှ ဦးတင်အောင်ခိုင်၊ တတိယဆုရအမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ် (မန္တလေး) မှ လက်ထောက်ကထိက(စာပေ) ဒေါ်ခင်ဖြူပြာဇော်နှင့် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်)မှ လက်ထောက်ကထိက (သဘင်)ဒေါ်ဝင်းဝင်းမြင့်တို့အားလည်းကောင်း ဆုများပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ဆုရရှိကြသူများကိုယ်စား အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (မန္တလေး)မှ ဌာနမှူး(သင်တန်း)ဦးအောင်နိုင်မြင့်က ကျေးဇူးတင်စကားပြောကြားသည်။

ဖျော်ဖြေတင်ဆက်

ထို့နောက် အနုပညာဦးစီးဌာန၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (မန္တလေး) မှ မန်းဇေကရီ အငြိမ့်ဖြင့်ဖျော်ဖြေတင်ဆက်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အလားတူ နှစ်ပတ်လည်နေ့အခမ်းအနားများကို ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့၌ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် ပါမောက္ခချုပ်များကဦးစီး၍ တစ်ပြိုင်တည်း ကျင်းပခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အီလက်ထရွန်နစ်နှင့် လူသုံးကုန်ပစ္စည်းများပြပွဲ ပြည့်စုံဝင်းနိုင် ကုမ္ပဏီလီမိတက် ပါဝင်ပြသ

ရန်ကုန် ဧပြီ ၃

Business Smart Group က ကြီးမှူး၍ အီလက်ထရွန်နစ်နှင့် လူသုံးကုန် ပစ္စည်းများပြပွဲကို ဧပြီ ၁ရက်မှ ၄ ရက်အထိ ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ကျင်းပလျက်ရှိရာ ပြပွဲတွင် ပြည့်စုံဝင်းနိုင် ကုမ္ပဏီလီမိတက်က Sakura, Orchid, Panasonic (Aircon) အမှတ်တံဆိပ် လျှပ်စစ်ပစ္စည်းမျိုးစုံတို့ကို ခင်းကျင်းပြသလျက်ရှိသည်။

ပုံဖော်ထား

Sakura အမှတ်တံဆိပ် TV, EVD, Aircon, Freezer, Vertical Showcase, Aircooler, Water Cooler, Washing Machine, Radio, Fan များကို ဂျပန်နိုင်ငံ၏ နောက်ဆုံးပေါ် အဆင့်မြင့်နည်းပညာဖြင့် စနစ်တကျ ထုတ်လုပ်ထားပြီး သုံးစွဲသူ ပြည်သူများ အကြိုက် သေသပ်လှပစွာ ဖန်တီးပုံဖော်ထားသည်။

ထင်ရှား

Sakura TV များသည် Resolution မြင့်မားသည့်အတွက် ဖန်သားပြင်ပေါ်မှ ရုပ်ပုံများကိုကြည်လင်ပြတ်သားစွာ ခံစားကြည့်ရှုနိုင်ခြင်း၊ ကြည့်ရှုသူ စိတ်ကြိုက်အရောင်အသွေးများကို လိုအပ်သလို ပြောင်းလဲပေးနိုင်သည့် Picture Adjustment Setting ပါဝင်ခြင်း၊ ရုပ်ပုံကြည်လင်ပြတ်သားမှုကို စိတ်ကြိုက်ချိန်ညှိနိုင်သည့် Personal Preference (PP) System ပါဝင်သဖြင့် စက်၏ သက်တမ်းကိုကြာမြင့်စွာ အသုံးပြုနိုင်ခြင်း စသည်တို့ကြောင့် သေသပ်လှပသော ဒီဇိုင်းများဖြင့်လူသိများ ထင်ရှားလျက်ရှိသည်။

Sakura DVD/EVD များကိုလည်းအချိန်နှင့်အမျှပြောင်းလဲတိုးတက်လျက်ရှိသော နည်းပညာများနှင့်အညီ သုံးစွဲသူများအကြိုက် ဖန်တီးထုတ်လုပ်ထားသည်။

တင်သွင်းရောင်းချ

စွမ်းအားပြည့် Compressor များဖြင့် တည်ဆောက်ထားသော Sakura Aircon: များ၊ လှပခိုင်ခံ့သော ရေပူ၊ ရေအေးသုံး Water Dispenser များ၊ စီးပွားရေးလုပ်ငန်းသုံး Vertical Showcase များ၊ Chest Freezer များ၊ အိမ်တွင်းသုံး Aircooler များ၊ အရပ် ရှစ်မျက်နှာ လှည့်ပတ်နိုင်သော လျှပ်စစ်ပန်ကာများ၊ လိုင်းဆွဲအား အထူးကောင်းမွန်သော Sakura Receiver Radio များတွင် FM, MW, SW, Synthesized World Receiver နှင့် Memory 1000 အထိ မှတ်သားနိုင်သောစနစ်များ ပါဝင်ခြင်းတို့ဖြင့် စုံလင်စွာ တင်သွင်းရောင်းချလျက်ရှိသည်။

ထို့အပြင် ဈေးနှုန်းချိုသာ၍ အာမခံချက် ကောင်းကောင်းဖြင့် စီမံထုတ်လုပ်ပေးထားသော Orchid TV, EVD မျိုးစုံကို ဒီဇိုင်းအစုံအလင်ဖြင့် လှပသေသပ်စွာ ထုတ်လုပ်ရောင်းချလျက်ရှိသည်။ Sakura, Orchid Brand များအား သုံးစွဲသူပြည်သူများအတွက် Service Center များကို ရန်ကုန်၊ မန္တလေး၊ နေပြည်တော် ပျဉ်းမနား၊ မကွေး၊ မုံရွာ၊ မြစ်ကြီးနား၊ စစ်တွေ၊ ထားဝယ်နှင့် ပုသိမ်မြို့ကြီးများအပြင် မြန်မာပြည်အနှံ့ အသစ်ထပ်မံ ဖွင့်လှစ်လျက် အာမခံချက် တစ်နှစ်မှ သုံးနှစ်အထိ ဝန်ဆောင်မှုပေးလျက်ရှိကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ရန်ကုန်မြို့ တပ်မတော်ခန်းမ၌ ကျင်းပသည့် အီလက်ထရွန်နစ်နှင့် လူသုံးကုန်ပစ္စည်းများပြပွဲတွင် ပါဝင်ပြသသော ပြည့်စုံဝင်းနိုင် ကုမ္ပဏီပြခန်းကို တွေ့ရစဉ်။ (သတင်းစဉ်)

(၆၅)နှစ်မြောက် တပ်မတော်နေ့ဂုဏ်ပြု ကျေးရွာစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲ မင်းလှမြို့နယ်တွင် ကျင်းပ

မင်းလှ ဧပြီ ၃

(၆၅)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ပဲခူးတိုင်း မင်းလှမြို့နယ် ဇျက်ကြီးရွာ မိဘမေတ္တာစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲကို မတ် ၂၀ ရက် နံနက်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးတင်ရီ၊ မြို့နယ်ဦးစီးမှူး ဦးဝင်းတင်၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မြို့နယ်မီးခင်နှင့် ကလေးစောင့်ရှောက်ရေးအဖွဲ့ဝင်များနှင့် ကျေးရွာပြည်သူများ တက်ရောက်ကြသည်။ အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးတင်ရီက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ဦးစီးမှူး ဦးဝင်းတင်က စာကြည့်တိုက် ရေရှည်တည်တံ့ခိုင်မြဲရေးကို ရှင်းလင်းပြောကြားသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ဆက်လက်၍ အမျိုးသမီးရေးရာအဖွဲ့နှင့် မြို့နယ်ဦးစီးမှူးတို့က စာအုပ်စာစောင်များကို ပေးအပ်လှူဒါန်းပြီး ကျေးရွာစာကြည့်တိုက် အဆောက်အအုံကို မြို့နယ်ဦးစီးမှူး ဦးဝင်းတင်နှင့် အလှူရှင်ကိုယ်စား ဦးကံမြင့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ ***(မြို့နယ် ပြန်/ဆက်)***

လုပ်ငန်းညှိနှိုင်းအစည်းအဝေး အတွေ့အကြုံရှင်းလင်း

ပဲခူး ဧပြီ ၃

ရှေ့နေချုပ်နှင့် ပြည်နယ်၊ တိုင်း၊ ခရိုင်ဥပဒေအရာရှိများ၏ (၃၂)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေး အတွေ့အကြုံရှင်းလင်းပွဲအခမ်းအနားကို ယနေ့နံနက် ၉နာရီခွဲက ပဲခူးခရိုင်ဥပဒေရုံး၌ ကျင်းပရာ ပဲခူးတိုင်းဥပဒေအရာရှိ ဦးသိန်းလွင်နှင့် ပဲခူးခရိုင် ဥပဒေအရာရှိ ဦးလှသိန်းတို့က အစည်းအဝေးအတွေ့အကြုံများကို ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

ဖြေကြား

အခမ်းအနားသို့ ပဲခူးခရိုင်အတွင်းရှိ မြို့နယ်ဥပဒေရုံး ရှစ်ရုံးမှ မြို့နယ်ဥပဒေအရာရှိများနှင့် ဒုတိယမြို့နယ်ဥပဒေအရာရှိများ တက်ရောက်ကြသည်။ တက်ရောက်လာသူများ၏ မေးမြန်းချက်များကို တိုင်းဥပဒေအရာရှိ ဦးသိန်းလွင်က ဖြေကြားသည်။ (ဝဓဝ)

ဓာတ်သီးမှုန့်များနှင့် ပတ်သက်၍ အများပြည်သူသိရှိရန် အသိပေးကြေညာချက်

ကျန်းမာရေးဝန်ကြီးဌာနသည် အရည်အသွေးစစ်မှန်ကောင်းမွန်ပြီး ဘေးအန္တရာယ်ကင်းရှင်းသော အစားအသောက်များကို အများပြည်သူတို့ စားသုံးနိုင်ရန် စဉ်ဆက်မပြတ် စစ်ဆေးလျက်ရှိသည်။

ဈေးကွက်များတွင် ရောင်းချလျက်ရှိသော ငရုတ်သီးမှုန့်များကို ဓာတ်ခွဲစစ်ဆေးရာ အောက်ဖော်ပြပါ အမှတ်တံဆိပ်တွင် ခွင့်မပြုဆိုးဆေးအသုံးပြုထားကြောင်း တွေ့ရှိရသဖြင့် စားသုံးရန်မသင့်ကြောင်း အသိပေးကြေညာအပ်ပါသည်။

အစားအသောက် ထုတ်လုပ်၊ ဖြန့်ဖြူး၊ ရောင်းချသူများသည် အစားအသောက်တွင် သုံးစွဲရန် ခွင့်မပြုသော ဓာတုဆိုးဆေးများ သုံးစွဲခြင်းမပြုရန်နှင့် လိုက်နာဆောင်ရွက်ခြင်းမရှိပါက သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းက အမျိုးသားအစားအသောက် ဥပဒေပုဒ်မ ၂၈(က)အရ တရားစွဲဆိုအရေးယူမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

စဉ်	အစားအသောက်အမည်	အမှတ်တံဆိပ်/လုပ်ငန်း
၁။	ငရုတ်သီးအစိမ်းမှုန့်	ရွှေအုပ်အမှတ်တံဆိပ်၊ ပင်ရင်း-ကိုင်းတန်းဈေး၊ မန္တလေး

ကျန်းမာရေးဝန်ကြီးဌာန

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကိုကို ပုသိမ်မြို့နယ် နွေစပါးစုပေါင်းရိတ်သိမ်းပွဲတွင် နွေစပါးစုပေါင်းရိတ်သိမ်းနေမှုကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

ဧရာဝတီတံတား(ညောင်တုန်း) တည်ဆောက်ရေးစီမံကိန်း

ဒုတိယဗိုလ်ချုပ်ကြီးကိုကို ကြည့်ရှုစစ်ဆေး

နေပြည်တော် ဧပြီ ၃

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကိုကိုသည် မတ် ၂၉ ရက် မွန်းလွဲ ၁ နာရီခွဲက ဧရာဝတီတိုင်း မအူပင်ခရိုင် ညောင်တုန်းမြို့နယ် ထိပ်ဝကြီးကျေးရွာအုပ်စု ရှမ်းစုကျေးရွာ ဂုန်လျှော်စိုက်ပျိုးရေး အထူးဇုန်သို့ရောက်ရှိရာ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ဆွေနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ကြိုဆိုကြသည်။

ကြိုးစားဆောင်ရွက်

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကိုကိုသည် တိုင်းမှူးနှင့် တာဝန်ရှိသူများ လိုက်ပါလျက် ဂုန်လျှော်စိုက်ပျိုးရေး အထူးဇုန်ရှိ ရှင်းလင်းဆောင်သို့ရောက်ရှိရာ တာဝန်ရှိသူတို့က ခရိုင်အတွင်း ဂုန်လျှော်စိုက်ပျိုးမှုနှင့် ထုတ်လုပ်မှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကိုက ဂုန်လျှော်ကို ပြည်ပဈေးကွက်သို့ တင်ပို့နိုင်ရေး ကြိုးစားဆောင်ရွက်ကြရန် မှာကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးကိုကိုသည် ဒေသခံ တောင်သူများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံပြီး ဂုန်လျှော်စိုက်ပျိုးခဲ့မှုအခြေအနေနှင့် အကျိုးဖြစ်ထွန်းမှု အခြေအနေများကို မေးမြန်းဆွေးနွေးကာ လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ကြည့်ရှုအားပေး

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကိုကိုသည် တောင်သူ ဦးမြင့်အောင်၏ လယ်မြေ၌ စက်မှုလယ်ယာမှ လယ်ယာသုံးထွန်စက်ကြီးများနှင့် လက်တွန်းထွန်စက်ငယ်များ အသုံးပြု၍ ထွန်ယက်နေမှု၊ ရေစုပ်စက်များ အသုံးပြု၍ စိုက်ပျိုးရေရရှိအောင် ဆောင်ရွက်ပြီး မိုးကြိုဂုန်လျှော် စိုက်ပျိုးနေမှုအခြေအနေများကို ကြည့်ရှုအားပေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကိုကိုသည် တိုင်းမှူး၊ အဖွဲ့ဝင်များနှင့်အတူ ဧရာဝတီတံတား(ညောင်တုန်း)တည်ဆောက်ရေးစီမံကိန်း ရှင်းလင်းဆောင်သို့ရောက်ရှိရာ တည်ဆောက်ရေးစီမံကိန်းတာဝန်ခံက စီမံကိန်းလုပ်ငန်းများနှင့်စပ်လျဉ်း၍ ပင်မတံတားလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကိုကိုသည်ရှင်းလင်းဆောင်မှ စီမံကိန်းလုပ်ငန်းခွင်၌ လုပ်ငန်းများဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

ရှင်းလင်းတင်ပြ

ဒုတိယဗိုလ်ချုပ်ကြီးကိုကို သည် တိုင်းမှူးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ လိုက်ပါလျက် မတ် ၃၀ရက် နံနက် ၇နာရီက ပုသိမ်မြို့ နွေစပါးစုပေါင်းရိတ်သိမ်းပွဲသို့ ရောက်ရှိရာ တာဝန်ရှိသူများက မိုးစပါး၊ နွေစပါးစိုက်ပျိုးမှုနှင့် ထွက်ရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကိုကိုသည် ပြသထားသည့် မိုးစပါး နမူနာများ၊ နွေစပါးစုပေါင်းရိတ်သိမ်းနေမှုနှင့် ခြွေလှေ့နေမှုအခြေအနေများကို ကြည့်ရှုအားပေးပြီး ဒေသခံ တောင်သူများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံ၍ စပါးစိုက်ဧကများ လျာထားချက်ပြည့်မီအောင် စိုက်ပျိုးကြရန် မှာကြားသည်။

လှည့်လည်ကြည့်ရှု

ယင်းနောက်ဒုတိယဗိုလ်ချုပ်ကြီးကိုကိုနှင့် အဖွဲ့ဝင်များသည် ပုသိမ်-သလပ်ခွာ-မော်တင်စွန်းလမ်း မိုင်တိုင်အမှတ်(၁၄/၆)၌ ကတ္တရာခင်းနေမှုနှင့်ပြီးစီးမှု၊ မိုင်တိုင်အမှတ်(၁၈/၄)နှင့် (၂၁/၆)တို့၌ ကတ္တရာခင်းရန် လုပ်ငန်းဆောင်ရွက်နေမှု၊ သပြုချောင်းတံတား တည်ဆောက်နေမှု၊ မိုင်တိုင်အမှတ်(၅၄)၌ ငရုတ်ကောင်းတံတား တည်ဆောက်နေမှု၊မိုင်တိုင်အမှတ်(၆၈/၁)၌ ကတ္တရာခင်းရန် ကျောက်ကြမ်းများခင်းထားမှု၊ မိုင်တိုင်အမှတ်(၆၃/၄)၌ ပိုးလောင်းတံတား တည်ဆောက်နေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းလိုအပ်ချက်များကို မှာကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးကိုကိုနှင့်အဖွဲ့ဝင်များသည် ပုသိမ်-သလပ်ခွာ-မော်တင်စွန်းလမ်း ဖောက်လုပ်ရေးစီမံကိန်း (ငရုတ်ကောင်းတောင်) ရှင်းလင်းဆောင်သို့ ရောက်ရှိကြရာ တာဝန်ရှိသူများက ပုသိမ်-သလပ်ခွာ-မော်တင်စွန်းလမ်းနှင့် လမ်းပိုင်းရှိတံတားများကို လမ်းပိုင်းအလိုက် တာဝန်ယူဖောက်လုပ်တည်ဆောက်နေမှုနှင့် ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

စေတနာထားဆောင်ရွက်

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကိုကိုသည် လမ်းလုပ်ငန်းများဆောင်ရွက်နေမှုနှင့် စပ်လျဉ်း၍ တာဝန်ရှိသူများအား မေးမြန်းဆွေးနွေးကာ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး သတ်မှတ်ကာလအမီပြီးစီးအောင် စေတနာထား၍ အင်တိုက်အားတိုက် ကြိုးစားဆောင်ရွက်ကြရန်တို့ကို မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကိုကိုသည် တိုင်းမှူး၊ အဖွဲ့ဝင်များနှင့်အတူ ပုသိမ်-သလပ်ခွာ-မော်တင်စွန်းလမ်း မိုင်တိုင်အမှတ်(၃၆/၅)ရှိအောင်ကမ္ဘာကျောက်ထုတ်လုပ်စခန်းမှ လမ်းခင်းကျောက်များ ထုတ်လုပ်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကြပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပန်းဘဲတန်းမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ ထောက်ပံ့ငွေပေးအပ်ပွဲ ကျင်းပ

ရန်ကုန် ဧပြီ ၃

(၆၅)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့၏ ထောက်ပံ့ငွေပေးအပ်ပွဲ အခမ်းအနားကို မတ် ၂၇ရက် နံနက် ၉နာရီက မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ရုံးခန်းမ၌ ကျင်းပရာ ရှေးဦးစွာ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ စည်းရုံးရေးကော်မတီဥက္ကဋ္ဌ ဗိုလ်မှူးထွန်းမြင့်(အငြိမ်းစား)က အမှာစကား ပြောကြားပြီး အသက်(၇၅)နှစ်နှင့်အထက် အဖွဲ့ဝင်များနှင့် အဖွဲ့၏လုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်ခဲ့ကြသူများအား ထောက်ပံ့ငွေများ ပေးအပ်ချီးမြှင့်သည်။**(အပေါ်ပုံ)**

ထောက်ပံ့ငွေပေးအပ်

ယင်းနောက် မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးအောင်တင်ဦး (အငြိမ်းစား)က ၂၀၀၈ခုနှစ်အတွင်း ဖွင့်လှစ်ခဲ့သော စစ်မှုထမ်းဟောင်းသင်တန်း (အဆင့်မြင့်)တွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသော မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအား ထောက်ပံ့ငွေ ပေးအပ်သည်။

ဆက်လက်၍ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ အဖွဲ့ဝင်ဗိုလ်မှူးလှထွန်း(ရေ) (အငြိမ်းစား)က ၂၀၀၉ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့ကြသော အဖွဲ့ဝင်များ၏ သားသမီးများအား ဂုဏ်ပြုငွေများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် အသက်(၇၅)နှစ်နှင့်အထက် အဖွဲ့ဝင်တစ်ဦးက ကျေးဇူးတင်စကား ပြောကြားသည်။ **(သတင်းစဉ်)**

စစ်တက္ကသိုလ် အမှတ်စဉ်(၂၉) ကျောင်းဆင်းအရာရှိများက (၂၂)နှစ်မြောက် သင်တန်းဆင်းနှစ်ပတ်လည် အထိမ်းအမှတ်အဖြစ် ဗဟန်းမြို့နယ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ထာဝရနဝကမ္မ ငွေပဒေသာပင် အလှူငွေကျပ် ငါးသိန်းပေးအပ်လှူဒါန်းကြစဉ်။ (သတင်းစဉ်)

မြန်မာ့အလင်း အမြို့မြို့အနယ်နယ် လိုတိုရှင်းသတင်းများ

ရန်ကုန် ဧပြီ ၃

ဆားလင်းကြီး ဇီးချိုင်ကျေးရွာ၌ စာကြည့်တိုက်ဆောက်လုပ်

မုံရွာခရိုင် ဆားလင်းကြီးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးဒေါ်ခင်ဝင်းကြည်သည် မတ် ၁၂ ရက်က ဇီးချိုင်ကျေးရွာ လမ်းပြကြယ်စာကြည့်တိုက်ဆောက်လုပ်မှုကို သွားရောက်ကွင်းဆင်းစစ်ဆေးရာ စာကြည့်တိုက်ဆောက်လုပ်မှုကော်မတီဥက္ကဋ္ဌ ဦးအောင်ဝင်းက စာကြည့်တိုက်ဆောက်လုပ်မှု အခြေအနေကို ရှင်းလင်းတင်ပြသည်။ **(မြို့နယ် ပြန်/ဆက်)**

ဝိုင်းမော်၌ ယာဉ်/လမ်းစည်းကမ်း အသိပညာပေးဟောပြော

ဝိုင်းမော်မြို့နယ် ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှု ကော်မတီက ကြီးမှူးပြီး ဝိုင်းမော်မြို့နယ်အတွင်းရှိ မော်တော်ယာဉ် မောင်းသူများ၊ သုံးဘီးဆိုင်ကယ် မောင်းသူများနှင့် ဒေသခံပြည်သူများအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာစေရေး အသိပညာပေး ဟောပြောပွဲကို ဖေဖော်ဝါရီ ၁၉ ရက်က ဝိုင်းမော်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ဆမားခန်းမ၌ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးဇော်မင်းမင်းဦးက အမှာစကားပြောကြားသည်။ *(မြို့နယ် ပြန်/ဆက်)*

ကန့်ဘလူ၌ မူခင်းကျဆင်းရေး ဟောပြော

မူခင်းကျဆင်းရေးပညာပေး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာရေး၊ ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို မတ် ၆ရက်က ကန့်ဘလူမြို့ ဂါးတာကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ) ကျောင်းခန်းမ၌ကျင်းပရာ နယ်ထိန်းဒုရဲအုပ်ကံမြင့်၊ ဒုတိယဥပဒေအရာရှိ ဦးအောင်ချစ်ညိုနှင့် ရဲအုပ်သန်းချီတို့က တက်ရောက်လာသော ကျေးရွာပြည်သူများအား ဆွေးနွေးဟောပြောသည်။ **(မြို့နယ် ပြန်/ဆက်)**

စံ(၅)ချက်ညီ စာကြည့်တိုက်များဖြစ်ရေး ဆောင်ရွက်

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးခရိုင် ကျောက်တလုံးကြီးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဒေါ်နန်းဆိုင်စိန်နှင့် ရုပ်သံကျွမ်းကျင်(၃) ဒေါ်နှင်းရီတို့သည် မတ် ၁၁ ရက် မွန်းလွဲ ၁ နာရီက ပင်တွန်ကျေးရွာအုပ်စု ပင်တွန်တောင်ရွာသို့ သွားရောက်၍ စာကြည့်တိုက်ရှင်သန်ခိုင်မာရေး၊ စံ(၅)ချက်နှင့်အညီ စာကြည့်တိုက်များ ဖြစ်ပေါ်စေရေးတို့ကို ကွင်းဆင်းဆောင်ရွက်ကြသည်။ *(မြို့နယ် ပြန်/ဆက်)*

ဆီဆိုင်၌ ရေလှောင်ကန်တည်တံ့ရေး ဆောင်ရွက်

ဆီဆိုင်မြို့နယ် ဆိုက်ခေါင်စံပြကျေးရွာသို့ ရေဖြန့်ဝေပေးလျက်ရှိသော ရေလှောင်ကန် ရေရှည်တည်တံ့ရေး ဆောင်ရွက်ထားမှုကို ဖေဖော်ဝါရီ ၂၅ရက်က ရှမ်းပြည်နယ်(တောင်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူး ဦးစိုးသန်း ကွင်းဆင်းစစ်ဆေးရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးခင်မောင်ခက ရှင်းလင်းတင်ပြသည်။ **(မြို့နယ် ပြန်/ဆက်)**

လက်ပံတန်း၌ ဘဝသစ်စာကြည့်တိုက်ဖွင့်

လက်ပံတန်းမြို့နယ် ကြို့ပင်စခန်းကျေးရွာအုပ်စု ကညစ်တန်းကျေးရွာ ဘဝသစ်စာကြည့်တိုက် အဆောက်အအုံဖွင့်ပွဲနှင့် စာပေဒါန လှူဒါန်းပွဲကို ဖေဖော်ဝါရီ ၉ရက်ကကျင်းပရာ စာကြည့်တိုက်အဆောက်အအုံကို မြို့နယ်ဥက္ကဋ္ဌ ဦးနေမျိုးသန့်၊ တိုင်းလက်ထောက် ညွှန်ကြားရေးမှူး ဦးတင်အောင်ညွှန့်နှင့် စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ ဦးအုံးဟန်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး အလှူရှင်များက ရုပ်မြင်သံကြားပြစက်၊ စာအုပ်နှင့် အလှူငွေများပေးအပ်လှူဒါန်းကြသည်။ *(မြို့နယ် ပြန်/ဆက်)*

မိုးကောင်း ပြန်/ဆက် စာအုပ်စာစောင်တိုးပွားရေးဆွေးနွေး

ကချင်ပြည်နယ် မိုးကောင်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်အေးအေးလင်းသည် မတ် ၁၆ ရက်က သိုက်ဝါးကုန်းကျေးရွာသို့ ရောက်ရှိပြီး ကျေးရွာဥက္ကဋ္ဌဦးစင်းကျော် စာကြည့်တိုက်ကော်မတီဝင်များနှင့်တွေ့ဆုံပြီး စာအုပ်စာစောင်များတိုးပွားရေး ဆွေးနွေးသည်။ **(မြို့နယ် ပြန်/ဆက်)**

ထန်တလန်စည်ပင်သာယာ ပန်းအလှပင်များပျိုးထောင်

ထန်တလန်မြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် မြို့သန့်ရှင်းသာယာလှပရေးကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိရာ မတ် ၁၃ ရက်က အဖွဲ့ပိုင်ပျိုးဥယျာဉ်တွင် ပန်းအလှပင်များ ပျိုးအိတ်သွင်း ပျိုးထောင်ခြင်းဆောင်ရွက်မှုကို အမှုဆောင်အရာရှိ ဦးချန်ဟမ်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးဆွေးအုပ်တို့ ကြီးကြပ်ဆောင်ရွက်ပေးကြသည်။ *(ပြည်နယ်စည်ပင်)*

ကောလင်းမြို့ ဘိုးဘွားရိပ်သာသို့ ငွေများလှူဒါန်း

ကောလင်းမြို့ ဘိုးဘွားရိပ်သာအတွက် အလှူငွေပေးအပ်ပွဲကို မတ် ၅ရက်က အဆိုပါဘိုးဘွားရိပ်သာ၌ကျင်းပရာ ကချင်ပြည်နယ် မြစ်ကြီးနားမြို့ ပင်စင်ဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဒေါ်ခင်စန်းရီ၊ ကောလင်းမြို့ ရှမ်းကုန်းရပ်နေ ဦးမြင့်တင်နှင့် မိသားစုက ငွေကျပ် ၁၈၀၀၀၀ကို ဘဏ္ဍာရေးမှူး ဒေါက်တာခင်သောင်းသို့ ပေးအပ်လှူဒါန်းကြသည်။ ။ *(၀၃၂)*

မီးသုံးခွဲလျှင် သတိယှဉ် အစဉ်သတိအမြဲရှိ

လေးပွဲဆက်အနိုင်နဲ့ အမှတ်ပေးဇယားကို ဦးဆောင်ခဲ့တဲ့ ဇေယျာရွှေမြေ

➢ သတင်းမြင်ကွင်းနှင့် ဓာတ်ပုံ - ဖိုးသော်ဇင် ➢ စာမျက်နှာဖွဲ့စည်းမှု - ယဉ်ယဉ်အေး (မြန်မာ့အလင်း)

မန္တလေး ဧပြီ ၃

၂၀၁၀ MNL အမှတ်ပေးပြိုင်ပွဲကို ယနေ့ညနေ ၄နာရီက မန္တလေးမြို့ရှိ ဗထူးကွင်းနှင့် ရန်ကုန်မြို့ရှိ သုဝဏ္ဏကွင်းတို့မှာ ဆက်လက်ကျင်းပရာ အမှတ်ပေးဇယားကို ဦးဆောင်နေတဲ့ ဇေယျာရွှေမြေအသင်းရော ဒုတိယနေရာက ကမ္ဘောဇအသင်းပါ နိုင်ပွဲတွေရရှိခဲ့ကြပါတယ်။

ဇေယျာရွှေမြေအသင်းမှ ဂျောင်ဆောင်ဘေ တစ်လုံးတည်းသော အနိုင်ဂိုးကို ဤသို့ သွင်းယူခဲ့သည်။

ဗထူးကွင်း

ဇေယျာရွှေမြေ - တစ်ဂိုး။
ဒယ်လ်တာယူနိုက်တက် - ဂိုးမရှိ။

အခြေအနေကောင်း

ဇေယျာရွှေမြေအသင်းကတော့ အခုပြိုင်ပွဲမှာ ရလဒ်ကောင်းတွေ ဆက်တိုက်ရရှိနေပြီး လေးပွဲကစားရာမှာ လေးပွဲစလုံး အမှတ်ပြည့်ရယူနိုင်ခဲ့တာကြောင့် အမှတ်ပေးဇယားကို အမှတ်အသာနဲ့ ဆက်လက်ဦးဆောင်နိုင်ခဲ့ပါတယ်။ အနိုင်ရရှိထားတဲ့ အသင်းတွေကလည်း လက်ရှိချန်ပီယံ ရတနာပုံအသင်းအပါအဝင် ရန်ကုန်ယူနိုက်တက်၊ မကွေး F.C၊ ဒယ်လ်တာယူနိုက်တက်စတဲ့ အသင်းကြီးတွေ ဖြစ်တာကြောင့် အခုပြိုင်ပွဲမှာ အခြေအနေကောင်းနေပြီလို့ ပြောလို့ရပါတယ်။

အဆုံးသတ် မသေချာ

ဒယ်လ်တာယူနိုက်တက်အသင်းဟာ အခုပွဲမှာ ခြေအသာနဲ့ဖိကစားနိုင်ခဲ့ပေမယ့် အဆုံးသတ်အားနည်းမှုကြောင့် ဂိုးတွေမရခဲ့သလို မိနစ် ၈၀ကျော်မှာ ဂိုးရဖို့ကြိုးစားရင်း Counter ပြန်ပေါက်ကာ ဂိုးပေးလိုက်ရတာဖြစ်ပါတယ်။ ဇေယျာရွှေမြေအသင်းဟာ လူစုံပါဝင်ခဲ့ပေမယ့် ကွင်းလယ်က ဆီဗဒင်ကစားသမားနှစ်ဦး၊ ရှေ့တန်းက ကျော်ကိုကိုနဲ့ တောင်ကိုရီးယား ကစားသမားနှစ်ဦးတို့ ခြေမပေါ်လို့ တိုက်စစ်က အလုပ်မဖြစ်ခဲ့ပါဘူး။ ၃၇မိနစ်မှာ တိုက်စစ်မှူး ဂျောင်ဆောင်ဘေ အပိုင်ကန်ခွင့်ရပေမယ့် လွဲချော်ခဲ့လို့ ဇေယျာရွှေမြေ နစ်နာခဲ့ရပါတယ်။ စတန်လေဟမ်ဘားနဲ့ ဂေးလ်ဒက်စ်တို့ရဲ့ တိုက်စစ်တွဲလုံးနဲ့ ဒယ်လ်တာအသင်းဟာ ပွဲစကတည်းက ဖိကစားခဲ့ပေမယ့် စတန်လေနဲ့ ဘမ်ဘာတို့ အဆုံးသတ်မသေချာလို့ ဂိုးမရခဲ့ပါဘူး။

ကန်သွင်းယူ

ဒုတိယပိုင်းမှာလည်း ဒယ်လ်တာတို့ ပိုဖိကစားနိုင်ခဲ့ပြီး အခွင့်အရေးတွေလည်း ရခဲ့ပါတယ်။ တိုက်စစ်မှူး စတန်လေ ဂိုးရရှိနိုင်တဲ့ အခွင့်အရေး နှစ်ကြိမ်ကို လွဲချော်ခဲ့သလို ၈၃မိနစ်မှာ စိုင်းသန်းအောင် အပိုင်ကန်ခွင့်ရပေမယ့် ဇေယျာရွှေမြေ ဂိုးသမားညီညီလွင် ကာကွယ်နိုင်ခဲ့ပါတယ်။ မိနစ် ၈၀ကျော်ရင် အနိုင်ဂိုးတွေ ရလေ့ရှိတဲ့ ဇေယျာရွှေမြေအသင်းဟာ ၈၄မိနစ်မှာ အနိုင်ဂိုးရခဲ့ပြီး Counter တိုက်စစ်ကနေ ကိုရီးယားတိုက်စစ်မှူး ဂျောင်ဆောင်ဘေက ကန်သွင်းယူခဲ့တာ ဖြစ်ပါတယ်။

သုဝဏ္ဏကွင်း

ကမ္ဘောဇ - နှစ်ဂိုး ။
မနော်မြေ - ဂိုးမရှိ။

အမှတ်ပေးဇယား ဒုတိယနေရာမှာ ရှိနေတဲ့ ကမ္ဘောဇအသင်းကလည်း အသင်းသစ် မနော်မြေ F.C ကို အနိုင်ယူပြီး ဒုတိယနေရာမှာ ဆက်လက်ရပ်တည်နိုင်ခဲ့ပါတယ်။ ကမ္ဘောဇအတွက် အနိုင်ဂိုးတွေကို တိုက်စစ်မှူး စထက်နိုင်ဝင်းနဲ့ ကွင်းလယ်လူအေးဆန်းတို့က သွင်းယူပေးခဲ့တာဖြစ်ပါတယ်။ ။

ယနေ့ပွဲ

ဗထူးကွင်း

ရတနာပုံ - ဆောက်သမ်းမြန်မာ

သုဝဏ္ဏကွင်း

မကွေး F.C - ရန်ကုန်ယူနိုက်တက်

စစ်တုရင်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲ ကျင်းပ

ရန်ကုန် ဧပြီ ၃

အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် မြန်မာနိုင်ငံစစ်တုရင် အဖွဲ့ချုပ်နှင့် Pride International School Myanmar တို့ပူးပေါင်းကျင်းပသည့် PISM Fischer Random Chess စစ်တုရင်ပြိုင်ပွဲဆုချီးမြှင့်ပွဲကို မတ် ၂၉ရက် မွန်းလွဲ ၁နာရီက ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်း၌ကျင်းပရာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်၊ မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် ဗဟိုလုပ်ငန်း ကော်မတီ အထွေထွေအတွင်းရေးမှူး ဒေါ်အယ်လ်ခွန်းရီ၊ မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ် နာယက ဦးကျော်သန်း၊ မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးမောင်မောင်လွင်၊ Pride International School Myanmar မှ မန်နေဂျင်းဒါရိုက်တာ ဒေါ်လှယဉ်ဝင်း၊ ကျောင်းအုပ်ကြီး Mr. Yarkord နှင့် ဒုတိယကျောင်းအုပ်ကြီး ဒေါ်အိဆွေဝင်းတို့က ဆုရရှိသူများအား ဆုများချီးမြှင့်ကြသည်။

မြန်မာနိုင်ငံတွင် ပထမအကြိမ်အဖြစ် ကျင်းပသော Fischer Random Chess စစ်တုရင်ပြိုင်ပွဲတွင် ပထမ ဝင်းဇော်ထွန်း (လယ်ယာ/ဆည်မြောင်း)၊ ဒုတိယ မျိုးနိုင် (ပို့ဆောင်ရေး)၊ တတိယ လွင်မောင်မောင် (မြန်မာနိုင်ငံရဲတပ်ဖွဲ့)၊ စတုတ္ထ ဇေယျာ (ပို့ဆောင်ရေး)၊ ပဉ္စမ ဝင်းထွန်း (မြန်မာနိုင်ငံရဲတပ်ဖွဲ့)၊ ဆဋ္ဌမ မင်းထူး (သစ်တောရေးရာ)၊ သတ္တမ ဇော်ဦး (ကာကွယ်ရေး)၊ အဋ္ဌမ ဝင့်သူ (မြန်မာနိုင်ငံရဲတပ်ဖွဲ့)၊ နဝမ ကျော်ကျော်စိုး (ပို့ဆောင်ရေး)၊ ဒသမ ကျော်မြင့်ဦး (လယ်ယာ/ဆည်မြောင်း)၊ အကောင်းဆုံး အမျိုးသမီးအားကစားသမားဆုအဖြစ် မေဆုလွင်နှင့် အသက်အငယ်ဆုံး အမျိုးသမီးအားကစားသမားဆုကို လင်းထက်ထက်ဦးတို့က ဆွတ်ခူးရရှိကြသည်။ (မြန်မာ့အလင်း)

နွေရာသီ အခြေခံ ပန်းချီသင်တန်းဆင်း

ဟသ်ာတ ဧပြီ ၃

မြန်မာနိုင်ငံ ရိုးရာပန်းပညာရှင်များအစည်းအရုံး ဟသ်ာတမြို့နယ်မှ ကြီးမှူးဖွင့်လှစ်သော နွေရာသီကျောင်းသားလူငယ် အခြေခံပန်းချီသင်တန်း (၂/၂၀၁၀) သင်တန်းဆင်းပွဲနှင့်ဆုပေးပွဲကို မတ် ၃၀ရက်က ဟသ်ာတမြို့ မြစ်ကွေ့ကျောင်းလမ်း အမက (၁၂)၌ ကျင်းပသည်။

အခမ်းအနားတွင် သဘာပတိ ဦးညွန့်လှိုင်က အဖွင့်အမှာစကားပြောကြားပြီး လက်ထောက်ပညာရေးမှူး ဦးအုန်းသိန်း၊ ပန်းပညာရှင်များအစည်းအရုံးဥက္ကဋ္ဌ ဦးသိန်းထွန်းချိန်နှင့် သင်တန်းမှူး ဦးဘသန်းဦးတို့က အမှာစကားပြောကြားကြသည်။

ထို့နောက် တာဝန်ရှိသူများက သင်တန်းသား ၇၀ အား သင်တန်းဆင်းလက်မှတ်များပေးပြီး ထူးချွန်ဆုရရှိသော သင်ရိုး(၂)မှ ဆုရသူ ငါးဦး၊ သင်ရိုး(၁)မှ ဆုရသူ ငါးဦးနှင့် သင်ရိုး(၁)နှင့်(၂)တို့တွင် အကောင်းဆုံးဆုရရှိသူ တစ်ဦးအား ဆုများချီးမြှင့်သည်။ (အပေါ်ဝဲပုံ) (၁၈၆)

တစ်ချက်တည်း ကျင်းဝင်ခဲ့

ရန်ကုန် ဧပြီ ၃

ဦးစိုးငြိမ်းလွင်သည် ကစားဖော်များဖြစ်ကြသော ဦးခင်မောင်လေး၊ ဦးသက်နိုင်၊ ဦးမန်းမန်း(တာချီလိတ်)၊ ဦးဇော်မင်းထွန်းတို့နှင့်အတူ မတ် ၃၁ရက် ညနေပိုင်းက ရွှိုင်ရယ်မင်္ဂလာဒုံဂေါက်နှင့် ကန်းထရီးကလပ်၌ ဂေါက်သီးရိုက်ကစားကြရာ အကွာအဝေး ၁၄၆ကိုက်ရှိသော ကျင်းအမှတ်(၁၆)သို့ Maruman သံတုတ်အမှတ်(၆)ဖြင့် Srixon(၂) ဂေါက်သီးကို ရိုက်လိုက်ရာ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားသည်။

၎င်းဂေါက်ကွင်းကို မြန်မာ့နှစ်သစ်ကူး သင်္ကြန်ရက်အတွင်း ဂေါက်သီးရိုက်အားကစားသမားများအတွက် ပိတ်ရက်မရှိဖွင့်လှစ်ပေးထားမည်ဟု သိရသည်။

(မြန်မာ့အလင်း)

ဂျီတီအိုင်ပေါင်းစုံမှ သက်ပြည့်အငြိမ်းစား ဆရာ ဆရာမကြီးများအား ကျန်းမာရေးစောင့်ရှောက်မှု ထောက်ပံ့ငွေပေးအပ်

မန္တလေး ဧပြီ ၃

မြန်မာတစ်ပြည်လုံးရှိ ဂျီတီအိုင်ကျောင်းများတွင် ပညာရပ်အသီးသီးသင်ကြားပို့ချခဲ့ပြီး သက်ပြည့်အငြိမ်းစား ယူခဲ့ကြသော ဆရာ ဆရာမကြီးများအတွက် ကျန်းမာရေးစောင့်ရှောက်မှု ထောက်ပံ့ငွေပေးအပ်ခြင်း အခမ်းအနားကို မန္တလေးမြို့ ဖိုလမ်းရှိ မဟာဝိဇိတာရုံကျောင်းတိုက်၌ မတ် ၂၈ ရက် မွန်းလွဲ ၁၂နာရီခွဲက ကျင်းပသည်။

အခမ်းအနားတွင် အာစရိယပူဇော်ပွဲကျင်းပရေး ကျောင်းသားဟောင်းများ အသင်းဥက္ကဋ္ဌ ဦးရန်ဝင်း (အဝေမ်းဆောက်လုပ်ရေး)က အဖွင့်အမှာစကား ပြောကြားပြီး ကျန်းမာရေးစောင့်ရှောက်မှု အခြေအနေများကို အခမ်းအနားမှူး ဦးခင်အေး(ရုံးအဖွဲ့မှူး)က ရှင်းလင်းပြောကြားသည်။

ပေးအပ်

မန္တလေးမြို့တွင် အငြိမ်းစားယူပြီး နေထိုင်ကြသော အသက်(၇၀)အထက် ဆရာ ဆရာမကြီး ၂၅ဦးအတွက် ၂၀၁၀ ခုနှစ် ဒုတိယ သုံးလပတ် ပံ့ပိုးငွေ စုစုပေါင်းမှာ ငွေကျပ် ၁၁၄၀၀၀၀ရှိကြောင်း သိရသည်။ အငြိမ်းစား ဆရာ ဆရာမကြီးများကို ကျောင်းသား ကျောင်းသူ ဟောင်းများက လက်ရောက်ပေးအပ်ကန်တော့ကြသည်။ ထို့နောက် အပူဇော်ခံ ဆရာကြီးတစ်ဦးဖြစ်သော အသက်(၈၉)နှစ်ရှိ ဆရာကြီး ဦးအောင်သန်းက ဆုံးမသြဝါဒစကားပြောကြားပြီး အခမ်းအနားအစီအစဉ်အရ အာစရိယပူဇော်ပွဲကျင်းပရေး နာယက ဦးတိုးဝင်းက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ (၁၆၂)

မြို့ရွာတစ်ခွင်သာစေချင် မီးတွင်မပေါ့နှင့်

ပြင်ဆင် ဖတ်ရှုပါရန်

မတ် ၃၁ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ (၇)၊ ကော်လံ(၄)ပါ လူကုန်ကူးသူ တရားခံများအား ထိရောက်ပြင်းထန်စွာ အရေးယူလျက်ရှိ သတင်း၏ စာပိုဒ် (၄)ကို အောက်ပါအတိုင်း ပြင်ဆင်ဖတ်ရှုပါရန်-

အလားတူ ရှမ်းပြည်နယ်(မြောက်ပိုင်း) ကွတ်ခိုင်မြို့ အေးရှားဝေါလ် တိုးဂိတ်၌ တာဝန်ရှိသူများသည် မတ် ၂၂ရက် နံနက်ပိုင်းတွင် ကွတ်ခိုင်မှ မူဆယ်မြို့သို့ ထွက်ခွာလာသော မော်တော်ယာဉ်တစ်စီးအား ရှာဖွေစစ်ဆေးရာ မအေးယိမ်းအား တစ်ဖက်နိုင်ငံ၌ အလုပ်ရမည်ဟု စည်းရုံး၍ ကြိုတင်ငွေ နှစ်သိန်းပေးကာ တစ်ဖက်နိုင်ငံသား အမျိုးသားများထံ ပို့ဆောင်ရောင်းစားရန် ခေါ်ဆောင်လာသည့် မအေးစု၊ ဒေါ်ကျန်ကျောက်တိနှင့် ဒေါ်ကျန်းကြာရှန့်တို့ သုံးဦးအား စစ်ဆေးတွေ့ရှိရသဖြင့် ၎င်းတို့ သုံးဦးအား ကွတ်ခိုင်ရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်းနှင့် မအေးယိမ်းအား မိဘများထံ ပြန်လည်အပ်နှံပြီးဖြစ်ကြောင်း သိရသည်။ (သတင်းစဉ်)

ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၆)၊ အမှတ်(၁၄)ထွက်ရှိ

ရန်ကုန် ဧပြီ ၃

ယခုအပတ်ထုတ် ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၆)၊ အမှတ်(၁၄)၌ ပါတီနှစ်ခုပူးပေါင်းကာ ပြည်ထောင်စုဒီမိုကရေစီပါတီအမည်ဖြင့် ရွေးကောက်ပွဲဝင်မည်၊ ပြည်သူ့လွှတ်တော်ထဲမှာ ပါဝင်လာပြီဆိုရင်တော့ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ဖွဲ့စည်းပုံအခြေခံဥပဒေမှာ ဖော်ပြထားတဲ့ အချက်အလက်တွေနဲ့အညီ ဥပဒေအချက်အလက်တွေဟာ ပြည်သူ့ဘဝထဲမှာ လက်တွေ့ရောက်လာရမယ်၊ ရောက်ရအောင် ကြိုးပမ်းဆောင်ရွက်သွားဖို့ရှိပါတယ် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီမှ တာဝန်ရှိသူများနှင့် ဖလားဝါးနယူးစ်ဂျာနယ်တို့ တွေ့ဆုံမေးမြန်းခြင်း အင်တာဗျူးဆောင်းပါး၊ နေပြည်တော်ခရိုင်အတွင်း အသက်(၁၈)နှစ်ပြည့်ပြီး ဆန္ဒမဲပေးခွင့်ရှိသူများကို ရွေးကောက်ပွဲအမီ နိုင်ငံသားစိစစ်ရေးမှတ်ပုံတင်ကတ်ပြား ထုတ်ပေးမည်၊ ဆရာဘုန်းလူလှရေးသော နိုင်ငံရေးမိတ်ဆက် အယူအဆနှင့် အကျိုးဆက်များ-၂ စသည့် Political Column ရွေးကောက်ပွဲ အထူးကဏ္ဍများနှင့်အတူ နိုင်ငံကူးလက်မှတ်စနစ်သစ်ကြောင့် ယခင် နိုင်ငံကူးလက်မှတ်များ ၂၀၁၃အထိသာ တရားဝင်နိုင်၊ ငါးသိန်းတန်ဖုန်း နေ့ချင်းပြီး လျှောက်ထားရယူနိုင်တော့မည်၊ ရန်ကုန်-မန္တလေး အဝေးပြေးလမ်းမကြီး ၁၁၅မိုင်စခန်းတွင် စက်သုံးဆီ အရောင်းဆိုင် ကားဝပ်ရှော့နှင့် တည်းခိုခန်းများဖွင့်မည်၊ စင်ကာပူတွင် တည်ဆောက်ပြီး ဖြစ်သည့် ကာစီနိုရီဆော့နှင့် ကြယ်ငါးပွင့်အဆင့် ဟိုတယ်များအတွက် မြန်မာဝန်ထမ်း ၁၅၀ကျော်ခေါ်ရန်ရှိစသည့် ပြည်တွင်းရေးရာသတင်းများ၊ သမိုင်းဝင် ကြာပင်ကျေးရွာရှိ ရှေးဟောင်းအမွေအနှစ်များ … Myanmar DISCOVERY ၊ လူရွယ်တစ်ဦး၏ ဒဿန၊ တည်ငြိမ်မှုတွေနဲ့ သန္တေတည်လာမည့် ၂၀၁၀ မဟာသင်္ကြန်၊ သူ့ဘဝ သူ့ဒဿနကဲ့သို့သော ဖတ်စရာ မှတ်စရာ ဆောင်းပါးများ ဝေဝေဆာဆာဖြင့် ယနေ့ထွက်ရှိလာပြီဖြစ်သည်။

ဖြန့်ချိလိုက်

အကြွေးဖြင့် အသိမ်းခံရသော အသက်(၁၂)နှစ်အရွယ် ဇနီးငယ် အသက် (၆၀)ရှိ ခင်ပွန်းလက်မှ လွတ်ရန်ထွက်ပြေး၊ ဆယ်ကျော်သက် မိန်းကလေးတစ်ဦးကို အဓမ္မပြုကျင့်၍ သတ်ဖြတ်ခဲ့သူအား ရဲတပ်ဖွဲ့မှ တားဆီးရန် ပျက်ကွက်၊ ဗြိတိန်တွင် လေထုညစ်ညမ်းမှုကြောင့် တစ်နှစ်လျှင် လူငါးသောင်းခန့်အသက်ဆုံး၊ ဆိုက်ဘေးရီးယားတွင် ရှေးဦးလူသား အမျိုးအစားသစ်တွေ့ရှိ စသည့် နိုင်ငံတကာသတင်းများ၊ သတင်းဓာတ်ပုံများ၊ ကျန်းမာရေး၊ ဖျော်ဖြေရေးကဏ္ဍများ စုံလင်စွာဖြင့် e-Empire Media House မှ မြန်မာတစ်ပြည်လုံး ဖြန့်ချိလိုက်ပြီဖြစ်သည်။ (သတင်းစဉ်)

VEER အချစ်သူရဲကောင်းကို ရွှေ့ဆောင်ရုံတွင် ကြည့်ရမည်

ရန်ကုန် ဧပြီ ၃

ဘဝသရုပ်ဖော် အချစ်ဇာတ်လမ်းကားများဖြင့် ကျော်ကြားလာသည့် ဒါရိုက်တာ အနီးလ်ရှာမာ၏ ရာဇဝင်တွင်သော အချစ်ဇာတ်ကားဖြစ်သည်။ **Wanted** ဇာတ်ကားဖြင့် ပရိသတ်၏ အားပေးမှု အပြည့်အဝရထားသော ဆယ်လ်မန်ခမ်း၊ ရာစုနှစ်၏ အကောင်းဆုံး မင်းသားကြီးစာရင်းတွင် ပါဝင်နေဆဲ မီသွန်းချက်ကရာဘာတီနှင့် အပြိုင်သရုပ်တူ လှုပ်ရှားနေသူ ဂျက်ကီရှော့ဖ်နှင့် မင်းသမီးချော ဇရီးနားခန်းတို့၏ အကောင်းဆုံးသရုပ်ဆောင်များ ပါဝင်ထားသော VEER ဇာတ်ကားမှာ ရွှေ့ဆောင်ရုံတွင် ယခုသောကြာပတ် ရုံဝင်လာသည်။

ဝါဆိုဖယောင်းတိုင်

ဒါရိုက်တာ မိုက်တီး၏ **ဝါဆိုဖယောင်းတိုင်**မှာ သမ္မတ၊ သွင်နှင့် မင်္ဂလာရုံများတွင် ပြသနေဆဲဖြစ်သည်။ လွင်မိုး၊ လူမင်း၊ ခန့်စည်သူ၊ စိုးမြတ်သူဇာ၊ မေကဗျာ၊ သင်ဇာဝင့်ကျော်နှင့် အေးမြတ်သူတို့ ပါဝင်သရုပ်ဆောင်ထားပြီး ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်တွင် ဇာတ်လမ်းဆင်ထားသည်။

SURROGATE

အဝေးထိန်းစနစ်ဖြင့် ထိန်းချုပ်သော ကိုယ်ပွားပုံတူ စက်ရုပ်များဖြင့် လူသတ်မှုကို ဖော်ထုတ်နေသော အက်ဖ်ဘီအိုင်အေးဂျင့်တစ်ဦးအကြောင်း ပုံဖော်ထားသည့် **Surrogate** မှာ နေပြည်တော်ရုံတွင် ဆက်လက် ပြသနေဆဲဖြစ်သည်။

အတည်ပေါက်နောက်တဲ့လူ

မင်းမော်ကွန်း၊ ခန့်စည်သူ၊ ပြည့်စုံအောင်၊ ဗေလုဝ၊ အိန္ဒြာကျော်ဇင်နှင့် တင့်တင့်ထွန်းတို့ စုပေါင်းပြီး **အတည်ပေါက်နောက်တဲ့လူ** ဇာတ်ကားမှာ မြို့လယ်ဝဇီရာ၊ ရွှေဗဟိုရ်၊ ဘုရင့်နောင်၊ ရေဝတီရုံများတွင် ပြသနေပြီ ဖြစ်သည်။

ချစ်မှချစ် အကြီးကြီးချစ်

ပြေတီဦးနှင့် မချောသုံးယောက်ဖြစ်သည့် အိန္ဒြာကျော်ဇင်၊ ချောရတနာနှင့် ဝိုင်းစုခိုင်သိန်းတို့ ပါဝင်ထားသည့် **ချစ်မှချစ် အကြီးကြီးချစ်** အဆင့်မြင့် မြန်မာဗီဒီယိုဇာတ်ကားမှာ ရွှေမန်း၊ စံပြ၊ သီတာ၊ မြရတနာရုံများတွင် ကြည့်ကြရမည်ဖြစ်ပြီး **အချစ်နှင့်ကံ** ဇာတ်ကားမှာ နဝဒေး၊ မဟာမြိုင်၊ ဝဇီရာ(၂)ရုံများတွင် ပြသနေဆဲဖြစ်သည်။

ကိုကြီးစိုး (ရုပ်ရှင်သတင်းထောက်)

ငရဲသား

စိတ္တဇ လူသတ်သမား ငရဲသား **Anniyan** အိန္ဒိယဇာတ်ကားမှာ မြို့မရုံတွင် ပြန်လည်ရုံဝင်လာပြီး ဘုရင့်ရုံတွင် **Krrish** ပြသလျက်ရှိသည်။ ။

(မြန်မာ့အလင်း)

ဝါဆိုဖယောင်းတိုင်ဇာတ်ကားမှ ဇာတ်ဝင်ခန်း။

အားကစားသတင်း အတိုအထွာ

အာနိုးပါမာဂေါက်သီးဆုဖလား အီရိုနီအယ်လ်ဆွတ်ခူး

အမေရိကန်နိုင်ငံ အော်လန်ဒိုမြို့၌ ကျင်းပသော အာနိုးပါမာ ဖိတ်ခေါ် ဂေါက်သီးရိုက်ပြိုင်ပွဲ ဗိုလ်လုပွဲစဉ်တွင် တောင်အာဖရိက ဂေါက်သီးကစားသမား အီရိုနီအယ်လ်သည် သတ်မှတ်ရိုက်ချက်အောက် ၁၁ချက်လျှော့ရိုက်ကာ ယင်းဆုဖလား ကို နှစ်နှစ်ဆက်တိုက် ဆွတ်ခူးရရှိခဲ့သည်။

ကမ္ဘာ့နိုင်ငံဖြတ်ကျော်ပြေးပွဲ ကင်ညာနိုင်ငံဗိုလ်စွဲ

ပိုလန်နိုင်ငံတွင် ကျင်းပသော ကမ္ဘာ့နိုင်ငံဖြတ်ကျော်ချန်ပီယံရှစ်ပြေးခုန်ပစ်ပြိုင် ပွဲတွင် သက်တန်းအလိုက် တစ်ဦးချင်းပြိုင်ပွဲနှင့် အဖွဲ့အလိုက် ပြိုင်ပွဲနှစ်မျိုးစလုံးတွင် ကင်ညာနိုင်ငံက ဗိုလ်စွဲခဲ့သည်။

စူပါစစ်က်စ်စူပါမစ်ဒယ်လ်ဝိတ်လက်ဝှေ့ပြိုင်ပွဲ ဒီရဲလ်အနိုင်ရ

အမေရိကန်နိုင်ငံ ဒက်ထရွိုက်မြို့၌ ကျင်းပသော စူပါစစ်က်စ် စူပါမစ်ဒယ်လ် ဝိတ်လက်ဝှေ့ပြိုင်ပွဲတွင် အမေရိကန်လက်ဝှေ့သမား အန်ဒရီဒီရဲလ်သည် ဂျာမနီ လက်ဝှေ့သမားအာသာအောဘရာဟမ်အား ၁၁ချီတွင် အနိုင်ရရှိခဲ့သည်။

ပရက်ဆီးဒင့်စ် ဂေါက်ရိုက်ပြိုင်ပွဲတွင် ဝုဒ်ပါဝင်စေလို

လာမည့် ၂၀၁၁ခုနှစ် ပရက်ဆီးဒင့်စ်ဖလား ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ဂရက်နော်မန်နိုင်ငံပေါင်းစုံ ဂေါက်သီးရိုက်အဖွဲ့နှင့် ယှဉ်ပြိုင်မည့် အမေရိကန်အသင်း၌ တိုက်ဂါးဝုဒ် ပါဝင်ကစားစေလိုကြောင်း ယင်းအသင်းဝင် ဖရက်ကပ်ပယ်လ်စ်က ပြောကြားသည်။

ယခုရာသီပြေးခုန်ပစ်ပြိုင်ပွဲများ၌ ဆီမီညာပါဝင်ယှဉ်ပြိုင်မည်

ကမ္ဘာ့မီတာ ၈၀၀ ပြေးခုန်ပစ်ချန်ပီယံ ကက်စတာဆီမီညာက ၎င်းအနေဖြင့် ယခုရာသီပြေးခုန်ပစ်ပြိုင်ပွဲများ၌ ပြန်လည်ပါဝင်ယှဉ်ပြိုင်မည်ဟု ပြောကြားသည်။

ပီယင်နာအား ချယ်လ်ဆီးနှင့် စပါး မျက်စိကျနေ

ချန်ပီယံလိဂ်ဝင်ခွင့်ရ အသင်းများတွင် ကစားလိုသည်ဟု ဖွင့်ဟပြောကြား ခဲ့သူ အဲဗာတန်ကွင်းလယ်ကစားသမား စတီဗင်ပီယင်နာအား ချယ်လ်ဆီးနှင့် စပါးတို့က ပြောင်းရွှေ့ကြေး ပေါင်၁၃သန်းဖြင့် စာချုပ်ခေါ်ယူရန် မျက်စိကျနေ ကြသည်။

ရီရဲတိုက်စစ်မှူး ရာအူးလ်အား ခေါ်ယူရန် လီဗာပူးစီစဉ်

လီဗာပူးအသင်းသည် ယင်း၏ စပိန်တိုက်စစ်မှူး တောရက်စ်နှင့်အတူ တွဲဖက် ကစားရန် ရီရဲမက်ဒရစ်မှ စပိန်တိုက်စစ်မှူး ရာအူးလ်အား ခေါ်ယူရန်စီစဉ်နေသည်။

မိုရီမိုတိုအား အာဆင်နယ်အသင်း ခေါ်ယူဖွယ်

အာဆင်နယ်အသင်းသည် စီးရီးအေအသင်း ကာတာနီယာမှ ဂျပန်တိုက်စစ်မှူး တာကာယူကီမိုရီမိုတိုအား လေ့လာစုံစမ်းမှုများ ပြုလုပ်လျက်ရှိပြီး ပြောင်းရွှေ့ကြေး ပေါင်ကိုးသန်းဖြင့် ကမ်းလှမ်းခေါ်ယူဖွယ်ရှိသည်။

ဘော်လ်တန်နှင့် ဘာမင်ဂမ်၏ကမ်းလှမ်းမှု မန်ယူငြင်းဆိုဖွယ်

မန်ယူလူငယ်အသင်းမှ တောင်ပံကစားသမား တွမ်ကလဲဗာလီအား အငှား စာချုပ်ရန် ဘော်လ်တန်နှင့် ဘာမင်ဂမ်တို့၏ ကမ်းလှမ်းမှုကို မန်ယူက ငြင်းဆိုဖွယ် ရှိသည်။

မီလ်နာ အသင်းမပြောင်းဟု အိုနေးလ်ပြောကြား

မန်ယူသို့ အက်စတွန်ဗီလာကွင်းလယ်ကစားသမား ဂျိမ်းစ်မီလ်နာပြောင်းရွှေ့ မည်ဟူသော ထင်ကြေးသတင်းကို မဟုတ်ကြောင်း နည်းပြမာတင်အိုနေးလ် ငြင်းဆို ခဲ့သည်။

ဘင်နီတက်ဇ်အား နည်းပြတာဝန်ပေးရန် ဂျူဗင်းတပ်စ်ကြိုးပမ်း

ဘော်ဒိုးနည်းပြလောရင့်ဘလန့်နှင့် ဖီအိုရင်တီးနား နည်းပြဆီဆာရီပရန်ဒယ်လီ တို့က ဂျူဗင်းတပ်စ် နည်းပြတာဝန်ယူရန် ငြင်းဆိုခဲ့ကြပြီးနောက် ဂျူဗင်းတပ်စ်အသင်း သည် လီဗာပူးနည်းပြ ဘင်နီတက်ဇ်အား အသင်း၏နည်းပြအဖြစ် တာဝန်ပေးရန် ထပ်မံကြိုးပမ်းနေသည်။

ပီဒစ်အား စာချုပ်ခေါ်ယူရန် အေစီမီလန်စီစဉ်

အေစီမီလန်အသင်းသည် နွေရာသီအပြောင်းအရွှေ့ဈေးကွက်တွင် မန်ယူခံစစ်မှူး နီမန်ဂျာဗီဒစ်အား အဓိကပစ်မှတ်အဖြစ် သတ်မှတ်ပြီးနောက် ၎င်းအား ပြောင်းရွှေ့ကြေး ပေါင်သန်း ၂၀ဖြင့် ကမ်းလှမ်းစာချုပ်ခေါ်ယူရန် စီစဉ်လျက်ရှိသည်။

ဂျရတ်အား စာချုပ်ခေါ်ယူရန် အင်တာကြိုးပမ်း

အင်တာမီလန်အသင်းသည် လီဗာပူးကွင်းလယ်ကစားသမား စတီဗင်ဂျရတ်အား စာချုပ်ခေါ်ယူနိုင်ရေးအတွက် ကြိုးပမ်းမှုတစ်ရပ်အနေဖြင့် အင်တာတိုက်စစ်မှူး မာရီယိုဘာလော့တယ်လီအား အလိုက်ပေးဖွယ်ရှိသည်။ ။

ချစ်စိုးနိုင်-စုစည်းသည်

နည်းပြမန်စီနီ မန်စီးတီးကို ကျောခိုင်းတော့မှာလား

မောင်မောင်မြင့်ဆွေ စုစည်းရေးသား၍ ဝင်းချို (မြန်မာ့အလင်း) စာမျက်နှာဖွဲ့စည်းသည်

လန်ဒန် ဧပြီ ၃

မန်စီးတီးနည်းပြ မန်စီနီ ရာသီကုန်လျှင် အီတလီပြန်တော့မည်ဟု သတင်းများ ထွက်ပေါ်လာသည်။ နည်းပြ မပြောသည့် မန်စီးတီး၏အကြောင်းရင်းကို မိမိသေချာစွာ မသိသော်လည်း အသင်းကို ဆက်လက် တာဝန်ယူလိုစိတ်မရှိတော့ကြောင်း မန်စီနီက ထုတ်ဖော်ပြောကြားနေပြီဖြစ်သည်။

တာဝန်ယူ

မန်စီးတီးနည်းပြဟောင်း မာ့ခ်ဟူချ် နေရာ၌ အစားထိုးတာဝန်ယူခဲ့သူ မန်စီနီ သည် ခြေစွမ်းထက်မြက်သော ဘောလုံး သမားများ စုစည်းထားသည့် မန်စီးတီး၌ အောင်မြင်မှုများ ရယူပေးရန်အတွက် စိတ်အားထက်သန်ခြင်းမရှိတော့ကြောင်း၊ မန်စီးတီးတွင် အားကစားသမားများ၌ အောင်မြင်မှုရလိုသည့်စိတ်ဓာတ်ပြင်းပြမှု မရှိကြောင်း မန်စီနီက ပြောကြားသည်ဟု ၎င်း၏အေးဂျင့်ဖြစ်သူက ပြောပြသည်။

ငွေပုံအော

မန်စီးတီးအသင်း အောင်မြင်မှုရရှိရန် ပိုင်ရှင်များက ငွေကြေးပုံအောသုံးစွဲခဲ့သော် လည်း သိသာသည့် အောင်မြင်မှုမျိုး မရရှိခဲ့ကြောင်း၊ မန်စီးတီးအသင်းပိုင်ရှင် များအနေဖြင့် ငွေကြေးသုံးစွဲမှုကို မတွန့်မဆုတ် ထုတ်ပေးခဲ့သော်လည်း ထိုက်တန် သည့်ရလဒ် မရရှိခဲ့ကြောင်း မန်စီနီက ပြောကြားသည်။

နှေးထွေးမှု

မန်စီးတီးအသင်း ငွေကြေးကုန်ကျမှု နှင့်အတူ ရလဒ်ကောင်းများ မရရှိခဲ့ခြင်း မှာ ကစားသမားများအချင်းချင်း စည်းလုံးမှု နှင့် နှေးထွေးမှုများ မရှိခဲ့ခြင်းကြောင့် ဖြစ်ကြောင်း၊ ထို့အတူ အသင်းပိုင်ရှင်များ ကလည်း ငွေကြေးကုန်ကျမှုခံနိုင်ခြင်း တစ်ခုတည်း မကြည့်ဘဲ နည်းပြနှင့် ကစား သမားတို့အပေါ် နေ့စဉ်ဆက်ဆံရေးကို အလေးထားသင့်ကြောင်း ၎င်းက ပြောကြား သည်။

မန်စီးတီးနည်းပြ မန်စီနီ။

ဆက်ဆံရေး

မန်စီးတီးအသင်း ကစားသမားများ သည် တစ်ဦးချင်းစွမ်းရည်ထက်မြက်သော် လည်း အသင်းလိုက်စုစည်းမှု အားနည်းနေ ကြောင်း၊ မိမိသည် ယင်းအားနည်းချက်ကို ဖြည့်ဆည်းပေးလျက်ရှိကြောင်း၊ မန်စီးတီး အသင်း ကစားသမားများသည် ပွဲချိန်တစ်ခု အတွင်း အခြေအနေအလိုက် ဗျူဟာ ခင်းကျင်းပြောင်းလဲမှုအပေါ် လိုက်ပါကစား နိုင်ခြင်း မရှိသေးကြောင်း မန်စီနီက ဆက်လက်ပြောကြားသည်။

စွမ်းဆောင်နိုင်

စီးရီးအေကလပ် ဂျူဗင်းတပ်စ်က မန်စီနီအား နည်းပြတာဝန်ယူပေးရန် ကမ်းလှမ်းထားပြီဖြစ်သည်။ အီတလီမြေ တွင် နည်းပြအဖြစ် မန်စီနီ အောင်မြင်မှုရရှိခဲ့ သည့် သမိုင်းမှတ်တိုင်များရှိသည်။ ဖီအိုရင် တီးနား၊ လာဇီယိုနှင့် အင်တာမီလန်တို့တွင် နည်းပြအဖြစ် ကိုင်တွယ်ခဲ့စဉ်က စီးရီးအေ ဖလား၊ ကိုပါအီတာလီယာဖလားတို့ ရရှိ အောင် စွမ်းဆောင်နိုင်ခဲ့သူဖြစ်သည်။ အင်တာ မီလန်အသင်းအား ၂၀၀၆၊ ၂၀၀၇၊ ၂၀၀၈ ခုနှစ်တို့တွင် သုံးကြိမ်ဆက်တိုက် စီးရီးအေ ဖလား ရရှိအောင် ကြိုးစားခဲ့ရာ နှစ်ပေါင်း ၃၀ အတွင်း ပထမဆုံး သုံးကြိမ်ဆက်တိုက် ဖလားရယူနိုင်သည့် နည်းပြအဖြစ် မှတ်တမ်း တင်ထားနိုင်သူဖြစ်သည်။

စဉ်းစားမည်

၂၀၀၁ခုနှစ် ဘောလုံးသမားဘဝက လီဆက်စတာ စီးတီးအသင်းသို့ အငှား စာချုပ်ဖြင့် လာရောက်ကစားခဲ့ဖူး သည့် အင်္ဂလန်မြေတွင် နည်းပြအဖြစ် တစ်ကျော့ပြန် ထပ်မံရောက်ရှိလာသော မန်စီနီအနေဖြင့် မန်စီးတီးကို အောင်မြင်မှု ရရှိအောင် ကြိုးစားပေးလိုသည်။ ယခု နှစ်၌ မန်စီးတီးအသင်း ပရီမီယာလိဂ်၌ စတုတ္ထအဆင့်၌ ရပ်တည်နိုင်ရေး စွမ်းဆောင်ပေးနိုင်လျှင် မိမိကိုယ် ယုံကြည်မှုရှိမည်မှာ အမှန်ပင်။

မန်စီးတီးအသင်းပိုင်ရှင်များကမူ မန်စီနီကို ဆက်လက် တာဝန်ယူစေ လိုသည်။ လုပ်ခလစာကိုလည်း ထပ်မံ တိုးပေးမည်ဖြစ်သည်။ သို့သော် မန်စီနီ က မန်စီးတီးကစားသမားများ၏ ကြိုးစား အားထုတ်မှုအပေါ် စိတ်ပျက်စ ပြုလာ သည်။

ထို့ကြောင့် ယခုနှစ် ဘောလုံးရာသီ ကုန်၌ မန်စီးတီး၌ ဆက်လက် တာဝန် ယူလိုမှုမရှိကြောင်း ပြောကြားနေခြင်း ဖြစ်သည်။ အသက် ၄၆ နှစ်သာရှိသေး သည့်နည်းပြမန်စီနီကို အီတလီ စီးရီးအေ ကလပ်များက အပြိုင်အဆိုင် ခေါ်ယူ လိုနေကြပြန်ရာ မန်စီနီ၏ အနာဂတ် ကလည်း စိတ်ဝင်စားဖွယ် ကောင်းနေ ပါကြောင်း။ ။ **(အင်တာနက်)**

ချယ်လ်ဆီးတို့အနိုင်ရပြီး ဇယားထိပ်တွင် ပြန်ဦးဆောင် အာဆင်နယ် ကံကောင်းထောက်မစွာဖြင့် သုံးမှတ်ရ

အာကာဟိန်း - စုစည်းသည်

လန်ဒန် ဧပြီ ၃

ပရီမီယာလိဂ်ပွဲစဉ်(၃၃)ကို ဧပြီ ၃ရက်က ဆက်လက်ယှဉ်ပြိုင်ရာ မန်ယူ နှင့် ချယ်လ်ဆီး ထိပ်သီးနှစ်သင်းတို့ အိုးထရက်ဖို့ဒ်၌ ယှဉ်ပြိုင်ကစားသည့် ပွဲတွင် ချယ်လ်ဆီးတို့က နှစ်ဂိုး-တစ်ဂိုး ဖြင့် အနိုင်ရရှိခဲ့သဖြင့် အန်ဆယ်လော့တီ နှင့် အဖွဲ့သားများ အဖိုးတန်သုံးမှတ်အပြည့်ပိုက်ပြီး အိမ်ပြန်နိုင်ခဲ့ကြသည်။

မန်ယူနှင့် ချယ်လ်ဆီး

ရွန်နေမပါသည့် မန်ယူတိုက်စစ်သည် ထက်မြက်မှုမရှိဘဲဖြစ်ခဲ့သည်။ ဘာဘာ တော့ဗ်ကို တိုက်စစ်မြားဦးထားခဲ့သော်လည်း ထင်တိုင်းမပေါက်ခဲ့ချေ။ ဘာဘာတော့ဗ်၊ ဗလင်စီယာနှင့် ဂစ်တို့ အပိုင်ကန်သွင်းခွင့် သုံးကြိမ်ရရှိခဲ့သော်လည်း မန်ယူတို့ တစ်ဂိုးသာ သွင်းယူနိုင်ခဲ့သည်။ ချယ်လ်ဆီးတွင် ဒေကိုနှင့်အနယ်လ်ကာတို့ တိုက်စစ်အတွဲကို ဂျိုကိုးလ် က အားဖြည့်နိုင်ခဲ့သဖြင့် မန်ယူနောက်တန်းကို ဖြတ်ကျော်ဂိုးသွင်းခွင့်များ ရရှိခဲ့သည်။

မန်ယူနှင့်ချယ်လ်ဆီးတို့ပွဲတွင် ပေါလ်စခိုးနှင့်ဒေကို(ယာ)တို့ ဘောလုံးရရှိရေး ဤသို့ အပြိုင်ကြိုးစားခဲ့ကြသည်။ (အင်တာနက်ဓာတ်ပုံ)

မိနစ် ၂၀၌ မာလူဒါပေးလိုက်သည့်ဘောလုံးကို ဂျိုကိုးလ်က အနီးကပ်သွင်းယူခဲ့သဖြင့် ချယ်လ်ဆီးတို့ အဖွင့်ဂိုးရရှိခဲ့သည်။ မန်ယူတို့ ချေပဂိုးရရှိရေး ကြိုးစားသော်လည်း ပထမပိုင်းပွဲချိန်အတွင်း ချေပဂိုးမသွင်းနိုင်ခဲ့ချေ။

ဇယားထိပ်ဦးဆောင်

မန်ယူက ဒုတိယပိုင်း ၇၂ မိနစ်၌ ပတ်ဂျီဆန်အစား မာချေဒါ၊ ပေါလ်စခိုးအစား နာနီတို့ ဝင်ရောက်ကစားခဲ့သလို ချယ်လ်ဆီးကလည်း မိနစ်၇၀၌ အနယ်လ်ကာ အစား ဒရော့ဘာ ဝင်ရောက်ကစားခဲ့သည်။ ချယ်လ်ဆီးအတွက် ဒုတိယဂိုးကို ၇၉မိနစ်၌ ဒရော့ဘာက မန်ယူနောက်တန်းကို ဖြတ်ကျော်ကာ ဂိုးသွင်းယူခဲ့သည်။ မန်ယူတို့ နှစ်ဂိုးပြတ် ရှုံးနေရာမှ ၈၁မိနစ်၌ နာနီ ဖြတ်ပေးလိုက်သည့် ဘောလုံးကို မာချေဒါက သွင်းယူပေးခဲ့သဖြင့် ချေပဂိုးရရှိခဲ့သည်။ မန်ယူတို့ ချေပဂိုးဆက်လက်သွင်းယူနိုင်ရေး ကြိုးစားခဲ့သော်လည်း အရာမထင်ခဲ့သဖြင့် အိမ်ကွင်း၌ ရှုံးပွဲကြုံကာ အဖိုးတန်အမှတ် များကို လက်လွှတ်ဆုံးရှုံးခဲ့ရခြင်းဖြစ်သည်။ ယခုပွဲ၌ ချယ်လ်ဆီးတို့ အနိုင်ရရှိခဲ့သဖြင့် ပွဲတူနှစ်မှတ်အသာဖြင့် ဇယားထိပ်ကို ဦးဆောင်နိုင်ခဲ့သည်။

အာဆင်နယ်နှင့် ဝုဗ်အသင်းတို့ပွဲတွင် အာဆင်နယ်မှ ရှီဆစ်စကီး(ဝဲ) **ဤသို့ ထိုးဖောက်ကစားခဲ့သည်။** (အင်တာနက်ဓာတ်ပုံ)

အာဆင်နယ်နှင့်ဝုဗ်

အိမ်ကွင်း၌ အာဆင်နယ်တို့အနိုင်ရရှိရေး ခြေကုန်ထုတ်ကြိုးစားခဲ့သော်လည်း ဂိုးကံခေခဲ့သည်။ အီဘူး၊ အက်ဗ္ဗါဒိုနှင့် ဝေါကော့သ်တို့က ဝုဗ်နောက်တန်းကို အကြိမ်များစွာ ထိုးဖောက်ကစားနိုင်ခဲ့သည်။ ဝုလ်ဗာတိုက်စစ်မှူး ဒွိုင်လီလည်း ဂိုးရရှိရေးကြိုးစားရာ အပိုင်ကန်သွင်းခွင့် အခွင့်အရေးနည်းပါးခဲ့သည်။ အာဆင်နယ်တွင် ရှီဆစ်စကီး၊ ဒီနယ်ဆင်နှင့် အက်ဗ္ဗါဒိုတို့ ဂိုးရရှိရေးကြိုးစားရာ အပိုင်ကန်သွင်းခွင့် မရခဲ့ချေ။ ပွဲချိန်ပြည့်ခါနီးအထိ မည်သူမျှ ဂိုးမသွင်းနိုင်ခဲ့၍ ဂိုးမရှိသရေပွဲဖြစ်လုဆဲဆဲ တွင် အာဆင်နယ်အတွက် တစ်လုံးတည်းသောအနိုင်ဂိုးကို တိုက်စစ်မှူးဘန့်တနာက မိနစ် ၉၀၌ သွင်းယူပေးခဲ့ခြင်းဖြစ်သည်။ အာဆင်နယ်တို့အိမ်ကွင်း၌ ကံကောင်း ထောက်မစွာ အနိုင်ရပြီး သုံးမှတ်အပြည့် ယူနိုင်ခဲ့သည်။ ။

အခြားပွဲရလဒ်များ

ဘော်လ်တန်	၀ - ၁	ဗီလာ
ပို့စ်မောက်	၀ - ၀	ဘလက်ဘန်း
ဆန်းဒါးလန်း	၃ - ၁	စပါး
စတုတ်	၂ - ၀	ဟူးလ်စီးတီး

(အင်တာနက်)

မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပွဲ ကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ဗိုလ်မြတ်ထွန်းလမ်း၊ အမှတ် (၁၈၇)နေ
(ဦးမောင်လှ)-ဒေါ်ခင်မူတို့၏သားထွေး

မောင်မျိုးထွေး

(EXECUTIVE DIRECTOR - FARMER PHOYARZAR Co., Ltd.)

နှင့်

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ နံ့သာကုန်းရပ်ကွက်၊ လမ်းသစ်လမ်း၊ အမှတ် (၇၆)နေ
(ဦးချစ်ဟန်)-ဒေါ်မြကြည် တို့၏သမီးထွေး

မအေးအေးဟန်

(MANAGING DIRECTOR - ZIN HTET TRADING Co., Ltd.)

တို့၏ ၂၁-၃-၂၀၁၀ရက်တွင် ရန်ကုန်မြို့ **Sedona Hotel (Dagon)**ခန်းမ၌ ကျင်းပသော မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပွဲတွင် မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပေးပါသော ရန်ကုန်တိုင်းတွဲဖက်တရားသူကြီး ဒေါ်စိုးစိုးအောင်အားလည်းကောင်း၊ မင်္ဂလာအသိသက်သေအဖြစ် ဆောင်ရွက်ပေးပါသော ဦးသီဟ **(Vice Chairman)(Htoo Group of Companies)**နှင့်ဇနီး ဒေါ်ရွှေရွှေလင်းအားလည်းကောင်း၊ ကြွရောက်ချီးမြှင့်ပေးပါသော နှစ်ဖက်မိဘများနှင့်ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ ကြွရောက်ချီးမြှင့်ပေးပါသော ဂုဏ်သရေရှိ လူကြီးများအားလည်းကောင်း၊ ကျေးဇူးတင်ထိုက်သူအားလုံးအားလည်းကောင်း အထူးလှိုက်လှဲစွာ ကျေးဇူးဥပကာရ တင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် မောင်မျိုးထွေး-မအေးအေးဟန်။

Congratulation

31.3.2010 တွင် MYANMAR ORGANIC AGRICULTURE GROUP မှ ပေးအပ်သော **ORGANIC FARM CERTIFICATE** ကို **FAME PHARMACEUTICALS** ကုမ္ပဏီမှ မြန်မာနိုင်ငံတွင်စိုက်ခင်းများအတွက် ပထမဆုံးလက်ခံရရှိကြောင်းသိရသဖြင့် ဂုဏ်ယူဝမ်းမြောက်မိပါကြောင်းနှင့် ဒေါက်တာ ခင်မောင်လွင် ဦးဆောင်သော FAME မိသားစုတို့၏ Organic Medicine များဖြင့် ပြည်သူလူထုကျန်းမာရေးကို ယခုထက်ပိုမို၍ လုပ်ဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်-

ဦးကျော်မင်း နှင့် HEALTH PLUS မိသားစု။

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ အောက်ပုဇွန်တောင်လမ်း၊ အမှတ် (၃၈၀)နေ
ဦးတင်မြင့်(ဒုတိယဉက္ကဋ္ဌ၊ ငြိမ်း၊ မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီ၊ ရန်ကုန်တိုင်း)-ဒေါ်လှလှမြင့်(ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း-ငြိမ်း)တို့၏သားငယ်
မောင်နေလင်းထွန်း A.G.T.I(Electrical Communication), B.Sc(Physics)

နှင့်

ပုသိမ်မြို့၊ ကုန်သည်လမ်း၊ အမှတ် (၄၉/ခ)နေ
ဦးကျော်အေး-ဒေါ်စန်းစန်းမြင့်(ရွှေမြင်းပျံ ပုသိမ်ဟာလဝါလုပ်ငန်း)တို့၏သမီးကြီး
မစန်းစန်းလွင် B.Sc(Physics)

တို့သည် ၃၁-၃-၂၀၁၀ရက်တွင် ပုသိမ်မြို့ ပုသိမ်ဟိုတယ် မင်္ဂလာခန်းမ၌ နှစ်ဖက်သော မိဘဆွေမျိုးများနှင့် ဂုဏ်သရေရှိလူကြီးမင်းများ၏ ရှေ့မှောက်၌ စေ့စပ်ကြောင်းလမ်း ပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် မောင်နေလင်းထွန်း-မစန်းစန်းလွင်။

Ocean Supercenter

Ocean Supercenter တွင် ဝယ်ယူအားပေးသူများအားလုံး
ပျော်ရွှင်ကြည်နူးဖွယ်ရာ မဟာသင်္ကြန်ပွဲကို ဆင်နွှဲရင်း မင်္ဂလာနှစ်သစ်ကို
ကြိုဆိုနိုင်ကြပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်-
Ocean Supercenter များကို မဟာသင်္ကြန်ရက်များအတွင်း
၂၀၁၀ ခုနှစ် ဧပြီလ ၁၃ ရက် မှ ၁၇ ရက်အထိ ပိတ်ထားမည်ဖြစ်ပြီး
၂၀၁၀ ခုနှစ် ဧပြီလ ၁၈ ရက်မှစ၍ ပုံမှန်အတိုင်း
ပြန်လည်ဖွင့်လှစ်မည်ဖြစ်ကြောင်း ကြိုတင်အသိပေးအပ်ပါသည်။

ကျေးဇူးတင်ပါသည်။
Ocean Supercenter

စဉ့်ကူး၌ စာပေဟောပြောပွဲကျင်းပ

ရန်ကုန် ဧပြီ ၃

သောင်ဦးမြို့နယ် စဉ့်ကူးမြို့ ဘုံကုန်းရပ်ကွက်ရှိ မဟာဝိသုတာရုံတိုက်သစ်တွင် ခေတ္တအမေရိကန်နိုင်ငံနေ ကိုလတ်နှင့် မြန်မာကုသိုလ်ရှင်များ၊ ပြည်တွင်းမှ ကုသိုလ်ရှင်များစုပေါင်း၍ ကျပ်သိန်း၁၀၀၀ကျော် အကုန်ကျခံ ဆောက်လုပ်လှူဒါန်းသည့် ပိဋကတ်တိုက်တော်ဖွင့်ပွဲကို မတ် ၁၈ရက်ကကျင်းပပြီး ညပိုင်းတွင် စာပေဟောပြောပွဲကျင်းပရာ ဆီမီး ၉၉၀၀အဖွဲ့ (အင်းစိန်)မှ အဖွဲ့အတွင်းရေးမှူး ဦးခင်မောင်ညွန့်(တရားရုံးချုပ်ရှေ့နေ) (တက္ကသိုလ်ခိုင်ထွန်း-ဖျာပုံ)နှင့် နာယက ဦးစိုးဝင်း(သတင်းထောက်စဉ့်ကူးစိုးဝင်း)**(အပေါ်ပုံ)** တို့က ကျွန်တော့်ဘဝနှင့် စာပေအတွေ့အကြုံနှင့် တို့ရွာသားတို့ ကြိုးစားကြပါခေါင်းစဉ်များဖြင့် ဟောပြောခဲ့ကြသည်။ **(၁၂၇)**



ကျေးဇူးဆပ်ပါမည်

ကျွန်တော် ဦးဇော်ဆီး ကိုင်ဆောင်သည့် နိုင်ငံကူးလက်မှတ် PP-၃၅၂၁၇၃ သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက ပေးပို့ပါရန်။ **ဖုန်း-၀၉-၅၁-၆၃၂၁၃။**



MK ဘိလိယက်ခုံနှင့် ပရိဘောဂ
နှစ်သစ်ကူးသင်္ကြန်လအထူးနှုန်း
၁-၄-၂၀၁၀ရက်မှ ၃၀-၄-၂၀၁၀ရက်အထိ
10% Discount
အမှန်အကန်လျှော့ပေးနေတာမို့ ဒီအခွင့်အရေးကို လက်မလွှတ်စေနဲ့နော်။
ရန်ကုန်- ဖုန်း- ၀၁-၇၂၇၀၅၀၊ ၀၉-၅၁-၇၃၃၇၃၊ ၀၉-၅၀-၉၀၉၀၀၊ ၀၉-၈၀-၃၁၀၃၆၊
ပုသိမ်- ဖုန်း- ၀၄၂-၂၄၄၄၆၊
မန္တလေး-ဖုန်း- ၀၂-၇၃၇၁၈။

မြိတ်မြို့ အမျိုးသားယဉ်ကျေးမှုနှင့် စာရိတ္တပညာသင်တန်းဆင်း

မြိတ် ဧပြီ ၃

တနင်္သာရီတိုင်း အမျိုးသမီးရေးရာ ယဉ်ကျေးမှုအဖွဲ့က ကြီးမှူး၍ မြစ်ငယ်အမကကျောင်းအုပ်ဆရာကြီး ဦးတင်ဟုန် ဦးစီးဖွင့်လှစ်သော အမျိုးသားယဉ်ကျေးမှုနှင့် စာရိတ္တပညာသင်တန်း သင်တန်းဆင်းပွဲအခမ်းအနားကို မတ် ၉ရက် နံနက် ၉ နာရီက အမကမြစ်ငယ်၌ ကျင်းပသည်။

ရှေးဦးစွာ တနင်္သာရီတိုင်း အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ကြည်ကြည်ဝေက အမှာစကားပြောကြားပြီး မူလတန်း အထက်ဆင့် ထူးချွန်ဆုရရှိသော သင်တန်းသား သင်တန်းသူများအား တိုင်းအမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ **(ယာပုံ)**က ဂုဏ်ပြုဆုချီးမြှင့်သည်။

ချီးမြှင့်

ဆက်လက်၍ မူလတန်း အောက်ဆင့် ထူးချွန်ဆုရရှိသော သင်တန်းသား သင်တန်းသူများအား ဂုဏ်ပြုဆုကို တိုင်းအမျိုးသမီးရေးရာ အဖွဲ့ဝင် ဒေါ်ခင်စန်းကလည်းကောင်း၊ သင်တန်းဆင်း ဂုဏ်ပြုလက်မှတ်များကို ကျောင်းအုပ်ဆရာကြီး ဦးတင်ဟုန်က လည်းကောင်း ပေးအပ်ချီးမြှင့်ကြသည်။

(ခရိုင် ပြန်/ဆက်)

ဒေါ့ဖုန်းယန်၌ မီးသတ်သင်တန်းဖွင့်

ဒေါ့ဖုန်းယန် ဧပြီ ၃

ဗန်းမော်ခရိုင် ဒေါ့ဖုန်းယန်မြို့ ဖာကေကျေးရွာအုပ်စု အလက(ခွဲ) ဖာကေခန်းမတွင် မတ် ၃၀ရက်က အခြေခံ မီးသတ်ပညာသင်တန်း (၂/၂၀၁၀)ဖွင့်ပွဲ အခမ်းအနား ကျင်းပသည်။

ဖွင့်လှစ်

အခမ်းအနားတွင် နယ်မြေခံ တပ်နယ်မှ ဒုတိယ ဗိုလ်မှူးကြီး ကျော်ထွန်းလင်းက အဖွင့်အမှာစကား ပြောကြားပြီး ခေတ္တ မြို့အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်လင်းက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းသည်။

သင်တန်းသို့ သင်တန်းသား ၈၀ တက်ရောက်ပြီး သင်တန်းကာလမှာ ငါးရက်ဖြစ်သည်။

(မြို့နယ် ပြန်/ဆက်)

ကန့်ကွက်နိုင်ပါသည်

ကျွန်မ ဒေါ်လီကွေစောမှ မင်္ဂလာတောင်ညွန့်မြို့နယ် သာယာကုန်းရပ်ကွက်၊ စက်ရုံလမ်း၊ တိုက်(၁)၊ အခန်း(၀၈) ဒုတိယထပ်(ယာ)အား Daw Wong Yuo Ha နှင့် ဦးလှထွန်းတို့ထံမှ ဝယ်ယူရန် စရန်ငွေပေးချေပြီးဖြစ်ပါ၍ အရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

ဒေါ်လီကွေစော
၁၃/မဆတ(နိုင်)၀၂၈၂၀၀။

မီး သတိပြု

ယောနယ်တစ်ခွင် ဖွံ့ဖြိုးဝေစည်စေမည့်

ဂန့်ဂေါ - ထီးလင်း - ပေါက် - မြိုင် လေးမြို့နယ်ကားလမ်းမကြီး

သတင်းမြင်ကွင်းနှင့် ဓာတ်ပုံမှတ်တမ်း - ကလေး-ဝင်းသူ

စာမျက်နှာဖွဲ့စည်းမှု - ဝင့်မာသွင် (မြန်မာ့အလင်း)

ကလေး ဧပြီ ၃

အကွေ့အဝိုက်များဖြင့် ရှင်းသန့်နေသော ကားလမ်းမ၊ အေးချမ်းတည်ငြိမ်သည့် ယောနယ်ဒေသခံတို့အတွက် ဖြစ်ထွန်း ထွက်ပေါ်လာခဲ့လေပြီ။

ကားလမ်းမသစ်ကြီး

မဲနတ်တောင်ခြေတစ်ဝိုက်ကွေ့ဝိုက်ဖောက်ထားသော ကားလမ်းမသစ်ကြီးတစ်လျှောက် အရှိန်မှန်မှန်ဖြင့် စီးနင်းနေသော ကျွန်တော်တို့ စီးလာသည့် ဆိုင်ကယ်သည် လူသူအရောက်အပေါက် အသွားအလာ မရှိသေးသည့် ကာလမို့ မည်သည့်ကား၊ ဆိုင်ကယ်ကိုမျှ ရှောင်စရာမလိုဘဲ ဖြည်းဖြည်းသက်သာ အရှိန်မှန်စွာဖြင့် မောင်းနှင်နေပါသည်။

ကျွန်တော့်ရှေ့က ဆိုင်ကယ်စီးသူက ကိုအောင်ဆန်း၊ ချောင်းခွရွာသား၊ ဇာတိက ဂန့်ဂေါမြို့နယ် ရွာစည်သား။ ဆိုင်ကယ်နောက်မြီးက ထိုင်စီးလာသူကတော့ စာရေးသူဖြစ်ပြီး သည်လမ်းကို ယခုမှ သွားဖူးခြင်းဖြစ်သည်။

ယမန်နှစ်က ဤဒေသကို နတ်ချောင်းရွာသား ပညာ့ဗိမာန် ဆရာကြီး ဦးတင်မြင့် ဖိတ်ခေါ်၍ တစ်ကြိမ်ရောက်ဖူးသည်။ ယခုလမ်းသစ်ကြီးကိုတော့ မသွားဖူးခဲ့။ လမ်းမိုင် ၁၇မိုင်သာ ပြီးသေး၍ဖြစ်သည်။ ထိုစဉ်က ဂန့်ဂေါ-ထီးလင်း-ကျောက်ထု-မင်းတပ် ကားလမ်းမကြီးအတိုင်း မောင်းနှင်ခဲ့ကြသည်။

ဝေးကွာ

ထီးလင်းမြို့နယ် တောမလမ်းဆုံမှ လမ်းနှစ်သွယ်ခွဲသွားခြင်း ဖြစ်သည်။ ဂန့်ဂေါဘက်သို့ တောမလမ်းဆုံမှ မိုင် ၂၀ခန့် ဝေးကွာသည်။ တောမလမ်းဆုံမှ ထီးလင်း-ပေါက်-မြိုင်အထိ မိုင် ၇၀ကျော် ဝေးကွာသည်။ ဂန့်ဂေါ-ထီးလင်း-ပေါက်-မြိုင် လေးမြို့နယ် ဖြတ်သန်းသည့် ကားလမ်း ခရီးမိုင်သည် စုစုပေါင်း ၉၃ မိုင် ၅ဖာလုံ ရှည်လျားသည်။ နိုင်ငံတစ်ဝန်းလုံး တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်စေရန် ဖောက်လုပ်ပေးခဲ့သော လမ်းမသစ်ကြီးဖြစ်သည်။ နိုင်ငံတော်အစိုးရ၏ **"စေတနာလမ်းမကြီး၊ မေတ္တာလမ်းမကြီး"** ဖြစ်သည်။ ဒေသအကျိုး၊ ဒေသဖွံ့ဖြိုးရေးတို့အတွက် လက်တွေ့ထိရောက်စွာ အကျိုးပြုနေသော ကားလမ်းမကြီးပင် ဖြစ်သည်။

ထိုလမ်းမသစ်ကြီး ဖြစ်ပေါ်လာရေးအတွက် နိုင်ငံတော်အစိုးရက ၂၀၀၈-၂၀၀၉ခုနှစ်တွင် ငွေကျပ်သိန်းပေါင်း၁၉၀၀၊ ၂၀၀၉-၂၀၁၀ခုနှစ်တွင် ငွေကျပ်သိန်းပေါင်း ၃၉၇၀ ရင်းနှီးမြှုပ်နှံဖောက်လုပ်ခဲ့သည်။ ၂၀၀၈-၂၀၀၉ ခုနှစ်က လမ်းအတွက် ငွေကျပ် သိန်း ၁၇၀၀၊ တံတားအတွက် ငွေကျပ် သိန်း၂၀၀ သုံးစွဲခဲ့ပြီး ၂၀၀၉-၂၀၁၀ခုနှစ်တွင် လမ်းအတွက် ငွေကျပ် သိန်း ၂၉၇၀၊ တံတားအတွက် ငွေကျပ် သိန်းပေါင်း ၁၀၀၀ သုံးစွဲခဲ့ရာ ယခုအခါ ယန္တရားများဖြင့် လမ်းဖောက်လုပ်နေခြင်း၊ ရွာအနီး၌မှု အုတ်ခံဘောလီတံတားကြီးတစ်ခု တည်ဆောက်နေကြသည်ကို တွေ့ရ၏။

ညီညာဖြောင့်ဖြူးနေသော ဂန့်ဂေါ-တောမ-ထီးလင်း-ကျောသာ-မြိုင် လမ်းမကြီးကို ဤသို့တွေ့ရသည်။

ဂန့်ဂေါဘက်အနီး ပျားရွာမရောက်မီတွင် ရေစပ်စပ်ချောင်းတစ်ခုကို ဖြတ်ရ၏။ ဒီချောင်းဖြတ်တံတား ပြီးပါက တောမ-ဂန့်ဂေါ မိုင် ၂၀ခရီးကို ရာသီမရွေး ဖြတ်သန်းသွားလာနိုင်မည်ဖြစ်သည်။ ပျားရွာအနီးတွင် ယန္တရားများဖြင့် လမ်းချဲ့နေသည်။ မြေပြုပြင်နေသဖြင့် ဆိုင်ကယ်စီး၍မရ၊ ၁၀မိနစ်ခန့် ဆိုင်ကယ်တွန်းခဲ့ရသေးသည်။ ပျားရွာအနီး၌ မိုင်တိုင်သစ်များ စိုက်ထူနေဆဲဖြစ်သည်။ လမ်းလုပ်သားအချို့နှင့် အားကြိုးမာန်တက် အလုပ်လုပ်နေကြသည်။

မကြာမီ **ရွှေပျားရွာမှ ကြိုဆိုပါ၏** ဆိုသော မင်းရွာနှင့် တောမ-ဂန့်ဂေါ လမ်းဆုံကို ရောက်သည်။ မင်းရွာ-ထီးလင်း လမ်းဟောင်းနှင့် မြိုင်-တောမ-လက်ပံတို လမ်းမသစ်ကြီးတို့ဆုံရာ ပျားရွာဖြစ်သည်။ ပျားရွာသည် ယောနယ်၏ ယောလုံချည် အများအပြားထုတ်လုပ်ရာ ရွာကလေးဖြစ်သည်။ ပျားရွာကား လမ်းကောင်းလာသဖြင့် ရက်ကန်းထည် ရောင်းစွဲ၍ ကြွယ်ဝသူတို့ များပြားလာကာ ယခုအခါ ရွှေပျားရွာ ဖြစ်နေလေပြီ။

သန့်ရှင်းသာယာ

ရွှေပျားရွာရောက်လျှင် ဂန့်ဂေါသို့ ရောက်ပြီဖြစ်၏။ တောမရွာမှ နံနက် ၇နာရီခွဲကထွက်လာရာ ဂန့်ဂေါမြို့သို့ နံနက်၉နာရီတွင် ရောက်ရှိသည်။ ခရီးမိုင်၂၀ခန့်ကို ဆိုင်ကယ်ဖြင့် တစ်နာရီခွဲ သာစီးရသည်။ လမ်းသစ်မှာ ကျောက်မခင်း တစ်ကြောင်းထိုးလမ်းဖြစ်သော်လည်း အသွားအလာနည်းသေး၍ ဖုန်မထ၊ ဖုန်မလူး၊ လမ်းသည် သန့်ရှင်းသပ်ရပ်နေသည်။ လမ်းတစ်လျှောက် မိုင် ၂၀ ခရီး၌ တောမရွာနှင့် ပျားရွာအကြား စမိတ်နှင့် လုံးတောင် ရွာကလေးနှစ်ရွာသာရှိသည်။ ဤရွာကလေးနှစ်ရွာကလည်း တောမနှင့် လေးမိုင်အကွာမှာသာ ရှိသည်။ ကျန် ၁၆မိုင်ခရီးမှာ မည်သည့်ရွာမျှ မရှိချေ။ တောမရွာမှ ပျားရွာ လမ်းသစ်ကား မိုင် ၂၀ခန့်ရှိသည်။

မဲနတ်တောင် အရှေ့ဘက် ဂန့်ဂေါ-ထီးလင်း-ကျောက်ထု-မင်းတပ် လမ်းဟောင်းမှာ တောမအထိ သုံးနာရီကြာ ကားမောင်းရသည်။ ယခု တောမလမ်းဆုံမှ ဂန့်ဂေါအထိ လမ်းသစ် မိုင် ၂၀ ခရီးကား တစ်နာရီခွဲမျှသာကြာ၏။ ခရီးသွားချိန် တစ်နာရီခွဲ လျော့သွားသည်။ ဂန့်ဂေါ-ထီးလင်း ဖြတ်လမ်းမကြီးဖြစ်ပါ၏။

တောမ-ထီးလင်း-ပေါက်-မြိုင်သို့ သွားရာလမ်းမကြီးကို ထီးလင်းမြို့နယ် တောမလမ်းဆုံမှ ဤသို့တွေ့ရသည်။

ဂန့်ဂေါမှ တောမရွာအထိ သုံးနာရီခန့် ကြာ လာရသည်။ ယခုတစ်ခေါက်မှာ တစ်ယောက်တည်းဖြစ်၏။ ကလေးမှ ဂန့်ဂေါအထိ ရထားစီး၊ ရထားက ဆင်းလျှင်ဆင်းချင်း ဂန့်ဂေါ-ထီးလင်း-ကျောက်ထု - မင်းတပ်သွား ဒိုင်နာကားကြီးပေါ် တက်စီးခဲ့ခြင်းဖြစ်သည်။ ဂန့်ဂေါ-တောမခရီး ကားခငွေကျပ် ၂၅၀၀ ပေးရသည်။ ညနေ ၃နာရီခွဲမှ ဂန့်ဂေါဘူတာသို့ရောက်သည်။ ဘူတာက ဆင်းလျှင်ဆင်းချင်း ဂန့်ဂေါ-ထီးလင်း-ကျောက်ထု - မင်းတပ်သွားကားပေါ် တက်လိုက်ခဲ့ခြင်းဖြစ်သည်။

ချောမွေ့

ယခု ယောခရီးကို ကြိုတင်သွားမှ အချိန်မီရောက်ရှိမည်။ ခြေကျင်ခရီးများများနှင်ရသောဒေသ ဖြစ်၏။ ယခုမူ ထင်ထားသည်ထက် ခရီးစဉ်က ချောမွေ့နေသည်။ ဂန့်ဂေါမှ ထီးလင်းလမ်းမ လမ်းဟောင်းအတိုင်း ကားစီးလာရာ သုံးနာရီတိတိ ကြာသည်။ ကားလမ်းဟောင်းမှာ ကတ္တရာများ ပေါက်နေ၍ ယခုကဲ့သို့ ကြာမြင့်ခြင်းဖြစ်သည်။ လမ်းခင်းခြင်းလုပ်ငန်းသာ ပြီးစီးပါက တစ်နာရီခွဲ၊ နှစ်နာရီနှင့် ရောက်မည်။ မိုင် ၂၀ကျော်ခရီး ဖြစ်သည်။

ယခု ကျွန်တော်တို့ ဆိုင်ကယ်စီးလာသော လမ်းသစ်ကြီးကား **"ထီးလင်း-ဂန့်ဂေါဖြတ်လမ်းသစ်ကြီး"** ဖြစ်သည်။ ဂန့်ဂေါ-ထီးလင်း-ပေါက်-မြိုင် လေးမြို့နယ်ကို ဖြတ်သန်းဖောက်လုပ်ထားသော ကားလမ်းမသစ်ကြီး၏ တစ်စိတ်တစ်ပိုင်းဖြစ်သည်။

လမ်းကျောက်ခင်းနေခြင်းများကို လမ်းမကြီးတစ်လျှောက် တွေ့မြင်ခဲ့ရသည်။ ဂန့်ဂေါ-တောမလမ်းမှာ တစ်ကြောင်းထိုး ပေါက်သွား၍ ထီးလင်း-တောမ-ဂန့်ဂေါသို့ မိုင်၂၀ ခရီးကိုသွားနိုင်ကြပြီး ဂျစ်ကားများ၊ ဆိုင်ကယ်များ သွားနေကြ၏။ တံတားနှင့် ကျောက်လမ်းခင်းပြီးပါက လိုင်းကားများ ပြေးဆွဲနိုင်တော့မည်ဖြစ်သည်။

တည်ဆောက်

တောမလမ်းဆုံ၌ လည်းကောင်း၊ တောမ-ညောင်ဇင်ရွာ-ကံတော်တောရကျောင်းရှေ့၌လည်းကောင်း ကျောက်ခင်းအဖွဲ့ နှစ်ဖွဲ့ခွဲ၍ ကျောက်စီကျောက်လမ်းခင်းနေကြသည်ကို တွေ့ရ၏။ တောမ-ညောင်ဇင်ရွာအလွန် လုံးတောင်-စမိတ်

ဂန့်ဂေါ-တောမ-လက်ပံတို-မြိုင် လမ်းမသစ်ကြီးပေါ်၌ ဂျစ်ကားတဝီဝီ၊ ဆိုင်ကယ်တဝီဝီဖြင့် ဤသို့ မောင်းနှင်သွားလာနေကြသည်။

လမ်းသစ်၊ တံတားသစ်

ဤလမ်းမကြီး ပြီးစီးသွားပါက ဂန့်ဂေါ-ထီးလင်း-ပေါက်-မြိုင်အထိ ဆက်သွယ်သွားလာနိုင်တော့မည်။ မကြွေးတိုင်းက မြို့နယ်လေးမြို့နယ်ကို ဖွံ့ဖြိုးတိုးတက်စေမည့် ကားလမ်းမသစ်ကြီးပင်ဖြစ်သည်။ လမ်းတံတားသစ်များ ဖောက်လုပ်မှုကြောင့် ကျေးလက်တောရွာတွေပါ ဖွံ့ဖြိုးတိုးတက်လာတော့မည် ဖြစ်ပေရာ လမ်းသစ်၊ တံတားသစ် ဖောက်လုပ်နေမှုများက နိုင်ငံတော်၏ ဒေသဖွံ့ဖြိုးရေးအလှကို ဖြည့်ဆည်းခြယ်မှုန်းပေးနေသည့် စေတနာမေတ္တာ အလှများပင်....။ ။ **(မြန်မာ့အလင်း)**

မေတ္တာနှင့်စေတနာသွေးလှူရှင်များအသင်း စည်းဝေး

တောင်ငူ မတ် ၂၉

တောင်ငူမြို့ မေတ္တာနှင့်စေတနာ သွေးလှူရှင်များအသင်း၏ ၂၀၁၀ ခုနှစ် ပထမအကြိမ် အစည်းအဝေးကို မတ် ၂၂ရက် နံနက်က အသင်းရုံးခန်းမ၌ကျင်းပရာ သဘာပတိအဖြစ် အသင်းနာယက ဦးကျော်လှ(သမာဓိ)က ဆောင်ရွက်ပြီး အခမ်းအနားမှူးအဖြစ် အသင်းအတွင်းရေးမှူး ဦးကျော်ဆန်းအောင် (လှိုင်-မိတ္တူ)က ဆောင်ရွက်သည်။

အကြံပြုဆွေးနွေး

အစီအစဉ်အရ သဘာပတိ ဦးကျော်လှ(သမာဓိ)က အဖွင့်အမှာစကား ပြောကြားပြီး အသင်းစီမံရေးရာကော်မတီဥက္ကဋ္ဌ ဦးမြင့်ညို(အမေ့အိမ်)နှင့် သွေးလှူရှင်များအသင်းဥက္ကဋ္ဌ ဦးယဉ်ဌေး(မိဘမေတ္တာ-ဆန်ပွဲရုံ)တို့က အသင်း၏လုပ်ငန်းလည်ပတ်မှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။ တင်ပြချက်များအပေါ် ဆက်လက်၍ အသင်းနာယက ဦးကျော်စိန်၊ ဦးကိုကြီးနှင့် ဘဏ္ဍာရေးမှူးဦးစံအေး(အေး-မိတ္တူ)တို့က ဖြည့်စွက်အကြံပြုဆွေးနွေးသည်။

အသင်းကိုစတင်တည်ထောင်ခဲ့သည့် ၂၀၀၅ ခုနှစ် ဇန်နဝါရီလမှ ယနေ့အထိ တောင်ငူမြို့ရှိ တိုင်းပြည်သူ့ဆေးရုံကြီးနှင့်ပုဂ္ဂလိက အထူးကုဆေးခန်းကြီးသုံးခုတို့၌ တက်ရောက်ဆေးဝါးကုသခံယူခဲ့ကြသည့် ဒေသခံပြည်သူများအတွက် အရေးပေါ်လိုအပ်သည့် သွေးပုလင်းပေါင်း ၁၀၆၄၁ပုလင်းကိုလည်းကောင်း၊ ၂၀၀၈ခုနှစ် ဇူလိုင်လမှစတင်၍ တိုးချဲ့ဖွင့်လှစ်ခဲ့သည့် အောက်ဆီဂျင်ဘူး(အသက်ရှူဘူး)ပေါင်း ၅၈၅ ဘူးတို့ကိုလည်းကောင်း လူနာများအတွက် အခမဲ့ လှူဒါန်းခဲ့ပြီးဖြစ်သည်။

ဆက်သွယ်လှူဒါန်းနိုင်

ငွေကြေးထောက်ပံ့ လှူဒါန်းလိုကြသည့် စေတနာရှင်များအနေဖြင့် ဖုန်း-၀၅၄-၂၅၂၄၀ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (၀၅၂)

တောင်တွင်းကြီးစည်ပင်သာယာ ကတ္တရာ ထပ်ပိုးလွှာခင်း

တောင်တွင်းကြီး ဧပြီ ၂

တောင်တွင်းကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်အတွင်း လျာထားဆောင်ရွက်သည့် အုန်းတော(၂)ရပ်ကွက် ဘူတာပတ်လမ်း လမ်းအရှည် ပေ ၁၉၇၀၊ အကျယ် ၁၂ပေ ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို မတ် ၁၉ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမောင်ဝင်းနှင့် အင်ဂျင်နီယာမှူး ဦးနိုင်လင်းမောင်တို့ ကွင်းဆင်းစစ်ဆေးခဲ့သည်။ **(မြို့နယ်စည်ပင်)**



ထန်းတပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ် အဖွဲ့ရန်ပုံငွေဖြင့် ဆောင်ရွက်သည့် မြို့သစ်လမ်း အပိုင်း(၃) ကတ္တရာလမ်းသစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို မတ် ၃၀ရက်က ပဲခူးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးတင်ဝင်းနှင့်အဖွဲ့ ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးကျော်စိုးက ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

Taylor's University College Information Day ဖွင့်

ရန်ကုန် ဧပြီ ၃

Taylor's University College သည် ၁၉၆၉ခုနှစ်မှ စတင်တည်ထောင်ခဲ့ပြီး ယင်း Taylor ကျောင်းတွင် သင်ယူနိုင်သော Program များမှာ- Pre-University Cambridge A Level (CAL), South Australian Matriculation (SAM)နှင့် International Canadian Pre-University (CPU), International Baccalaureate Diploma Program (IBDP), American Degree Transfer Program (ADP), Foundation In Science (FIS), Taylor's Business School (TBS), Hospitality, Tourism and Culinary Art (TCHT), Architecture, Building , Design (SABD), Design (TDS), Computing (SOCIT), Communication (SOC), Biomedical Science (BIO), Engineering (ENG), LAW, Medical (MED) ဖြစ်ပြီး ထို Program များကို အဓိကထား သင်ကြားပေးလျက်ရှိသည်။

စုံစမ်းမေးမြန်းနိုင်

Taylor's Information Day နှင့်ပတ်သက်၍ အသေးစိတ်အချက်အလက်များကို Myanmar Search International (MSI) ၌ စုံစမ်းမေးမြန်းနိုင်ကြောင်း၊ Taylor's University College ၌ နိုင်ငံတကာပညာရပ်များကို သင်ယူနိုင်ပြီး Twinning System နှင့် Credits Transfer System ကဲ့သို့ Program များစွာရှိရာ ၄င်းဘာသာရပ်ပေါင်းစုံအတွက် ဆွေးနွေးပွဲကို ကျင်းပပေးမှာဖြစ်ကြောင်း သိရသည်။

Taylor Information ဖွင့်ပွဲကို ဧပြီ၂၅ရက်(တနင်္ဂနွေနေ့) နံနက် ၁၀နာရီမှ ညနေ ၅နာရီအထိ Park Royal Hotel, Meeting Room (3) ၌ ကျင်းပမည်ဖြစ်ပြီး Taylor Information Day တွင် ထူးခြားသော အစီအစဉ်အနေဖြင့် Computing ဘာသာရပ်နှင့် ပတ်သက်သော Scholarship အစီအစဉ်များကိုပါ အသေးစိတ် ရှင်းလင်းပြောကြားပေးမည်ဖြစ်သည်။ ယင်းကျောင်းမှ သက်ဆိုင်ရာ Program များအလိုက် တာဝန်ရှိသူများကိုယ်တိုင် တစ်ဦးချင်း ဆွေးနွေးပြောကြားပေးမည်ဖြစ်သောကြောင့် စိတ်ပါဝင်စားသော ကျောင်းသား ကျောင်းသူများအနေဖြင့် မိမိ၏ပညာအရည်အချင်း အောင်လက်မှတ်များကို တစ်ပါတည်းယူဆောင်လာပြီး ဆွေးနွေးသင့်ကြောင်း သိရှိရသည်။ MSI ရုံးခန်းတည်နေရာမှာ အမှတ် ၂၃၄ ဒုတိယထပ်(ညာ) ရွှေဘုံသာအလယ်လမ်း ပန်းဘဲတန်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၂၅၀၉၂၉၊ ၀၁-၃၈၉၉၁၅၊ ၀၉-၅၁၀၃၉၁၅ တို့သို့ ဆက်သွယ်စုံစမ်း စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ကယားပြည်နယ် ရဲတပ်ဖွဲ့မှူးရုံး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

လွိုင်ကော် မတ် ၂၉

မြန်မာနိုင်ငံရဲတပ်ဖွဲ့ ကယားပြည်နယ်ရဲတပ်ဖွဲ့မှူးရုံး ၂၀၀၉ခုနှစ် ပထမနှင့် ဒုတိယ လေးလပတ်လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ၂၀၁၀ခုနှစ် မတ် ၄ရက်က လွိုင်ကော်မြို့ ဒေါ်ဥခူရပ်ကွက်ရှိ ပြည်နယ်ရဲတပ်ဖွဲ့မှူး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ညှိနှိုင်းအစည်းအဝေးတွင် ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးဦးမောင်မောင်က ကယားပြည်နယ် ရဲတပ်ဖွဲ့ ရဲလုပ်ငန်းဆိုင်ရာများကို ပါဝါပွိုင့်ဖြင့် ရှင်းလင်းတင်ပြသည်။ ထို့နောက် ပြည်နယ်ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဝင်းမြင့်က အမှာစကားပြောကြားသည်။

ရှင်းလင်းတင်ပြ

အစည်းအဝေးဒုတိယပိုင်းတွင် ပြည်နယ်ရဲတပ်ဖွဲ့၏ ၂၀၀၉ခုနှစ် ပထမနှင့်ဒုတိယ လေးလပတ်လုပ်ငန်းဆောင်ရွက်မှုနှင့် ညွှန်ကြားချက်များကို ရှင်းလင်းပြောကြားပြီး စခန်းမှူး၊ မြို့နယ်မှူး၊ ခရိုင်ရဲတပ်ဖွဲ့မှူးများက လုပ်ငန်းဆောင်ရွက်ချက်များကို အလှည့်ကျ ရှင်းလင်းတင်ပြကြသည်။

အမှာစကား

ထို့နောက် ဒုတိယပြည်နယ်ရဲတပ်ဖွဲ့မှူးက ဦး၊ ရေး၊ ထောက်ဆိုင်ရာ အားနည်းချက်များကို ချပြဆွေးနွေးပြီးပြည်နယ်ရဲတပ်ဖွဲ့မှူးက နိဂုံးချုပ် အမှာစကား ပြောကြားသည်။ **(ပြည်နယ် ပြန်/ဆက်)**

နယ်စပ်ကုန်သွယ်မှု မြှင့်တင်ရေး တာချီလိတ်၌ ညှိနှိုင်းစည်းဝေး

တာချီလိတ် ဧပြီ ၂

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန နယ်စပ်ကုန်သွယ်ရေးဦးစီးဌာန တာချီလိတ် နယ်စပ်ကုန်သွယ်ရေးစခန်း၏ ကုန်သွယ်မှုမြှင့်တင်ရေး အစည်းအဝေးကို မတ် ၃၁ရက် နံနက် ၉နာရီက တာချီလိတ်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။**(အောက်ပုံ)**

ဆွေးနွေး

ရှေးဦးစွာ မြို့နယ်ဥက္ကဋ္ဌ ဦးတင်ထူးမောင်နှင့် တာချီလိတ် နယ်စပ်ကုန်သွယ်ရေးစခန်း (စခန်းတာဝန်ခံ) ညွှန်ကြားရေးမှူး ဦးအောင်ဝင်းတို့က အမှာစကား ပြောကြားသည်။ ထို့နောက် ဌာနဆိုင်ရာ တာဝန်ရှိသူများက မိမိတို့ဌာနအလိုက် လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို တင်ပြဆွေးနွေးကြသည်။ ဆက်လက်၍ တာချီလိတ် ကုန်သည်များအသင်းဥက္ကဋ္ဌ ဦးကြည်မြင့်နှင့် ကုန်သည်များက ကုန်သွယ်မှုလုပ်ငန်းများအား ဆောင်ရွက်ရာတွင် တွေ့ကြုံရသော အားသာချက် အားနည်းချက်များကို တင်ပြဆွေးနွေးရာ ညွှန်ကြားရေးမှူး ဦးအောင်ဝင်းက ပြန်လည်ရှင်းလင်း ဆွေးနွေးခဲ့သည်။ **(ဝ၁၆)**

မြို့နယ်သတင်း ထွေတလာ

မိုင်းယောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ် မြို့ပြလုပ်ငန်းဖြစ်သည့် ကျိုင်းယင်းကျောင်းလမ်း ကတ္တရာလမ်း ဆောင်ရွက်နေမှုကို အမှုဆောင်အရာရှိ ဦးထန်ဒေါင့်တွန် ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)



ဘဝအလင်းရောင် စာကြည့်တိုက်ဖွင့်ပွဲနှင့် စာအုပ်လှူဒါန်းပွဲ ကံမမြို့နယ်၌ ကျင်းပ

ကံမ ဧပြီ ၁

မကွေးတိုင်း သရက်ခရိုင် ကံမမြို့နယ် ကဒူးပြင်ကျေးရွာ ဘဝအလင်းရောင် စာကြည့်တိုက်အဆောက်အအုံသစ် ဖွင့်ပွဲအခမ်းအနားကို မတ် ၂၂ရက်ကကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးကျော်ဆွေဝင်း၊ ခရိုင်ဦးစီးအရာရှိ ဦးလှမျိုးအောင်နှင့် အုပ်စုဥက္ကဋ္ဌ ဦးလှသိန်းတို့က အဆောက်အအုံသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

အမှာစကားပြောကြား

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးကျော်ဆွေဝင်းက အမှာစကားပြောကြားပြီး ခရိုင်ဦးစီးအရာရှိ ဦးလှမျိုးအောင်က စာကြည့်တိုက် ရေရှည်တည်တံ့ခိုင်မြဲရေးအကြောင်းနှင့် မြို့နယ်ဦးစီးမှူး ဒေါ်သန်းသန်းဆင့်က စာဖတ်ခြင်း အကျိုးကျေးဇူးများအကြောင်း ဆွေးနွေးကြသည်။ လှူဒါန်းပွဲတွင် မြို့နယ်ဥက္ကဋ္ဌက စာကြည့်တိုက်ငွေပဒေသာပင်အတွက် အလှူငွေကျပ်တစ်သောင်းနှင့် လစဉ်ထုတ် သတင်းစာ ငါးလစာ၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက စာအုပ်မျိုးစုံ အုပ် ၂၀၀၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့က ဂျာနယ်မျိုးစုံ အစောင် ၁၀၀၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းက စာအုပ်မျိုးစုံ အုပ် ၅၀တို့ကို ပေးအပ်လှူဒါန်းရာ အုပ်စုဥက္ကဋ္ဌနှင့် စာကြည့်တိုက်ကော်မတီဝင် ဦးတင်ကြိုင်တို့က လက်ခံယူကြသည်။ အဆိုပါ စာကြည့်တိုက်မှာ အလျား ၁၅ပေ၊ အနံ ၁၈ပေ၊ သွပ်မိုး၊ အုတ်နှင့် ထရံကပ်၊ သမံတလင်းခင်း အမျိုးအစားဖြစ်ပြီး စုစုပေါင်း ကျပ်၁၁သိန်းကျော် ကုန်ကျခဲ့သည်။

(မြို့နယ် ပြန်/ဆက်)

နတ်တလင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ် ဆောင်ရွက်သော နတ်တလင်း-ကျောက်ခွက်လမ်း မြေနီခင်းခြင်းလုပ်ငန်းကို ဖေဖော်ဝါရီ ၁၄ရက်က ပဲခူးတိုင်း(အနောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ဒုတိယ ညွှန်ကြားရေးမှူး ဦးသန်းလှိုင် ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးသန်းဦးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးဉာဏ်စိုးတို့က ရှင်းလင်းတင်ပြကြစဉ်။ (မြို့နယ်စည်ပင်)

စာကြည့်တိုက်ရေရှည်တည်တံ့ရေး ဟောပြောပွဲ ချမ်းမြသာစည်မြို့နယ်၌ ကျင်းပ

မန္တလေး မတ် ၃၀

မန္တလေးခရိုင် ချမ်းမြသာစည်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူးနှင့် ဝန်ထမ်းများ ဖေဖော်ဝါရီ ၈ရက်က စာကြည့်တိုက်ရေရှည်တည်တံ့ရေး အသိပညာပေးဟောပြောပွဲကို ချမ်းမြသာစည် တောင်ရပ်ကွက်ရှိ ကျွန်းလုံးချမ်းသာမွှေ့ရုံ၌ ကျင်းပသည်။

ဟောပြောပွဲတွင် ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ရှိန်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်စောလွင်က စာကြည့်တိုက် ရေရှည်တည်တံ့ရေးအတွက် စံ (၅)ချက်နှင့် ပြည့်စုံရန်၊ စာငှားကတ်စနစ် ကျင့်သုံးခြင်းဖြင့် စာအုပ်စာစောင်များ တိုးပွားရေး၊ ငွေပဒေသာပင် စိုက်ထူရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးတို့ကို ဆွေးနွေးဟောပြောသည်။ **(အောက်ပုံ) (မြို့နယ် ပြန်/ဆက်)**

ချစ်စရာအရွယ် ရင်သွေးငယ်ကလေးများ ဉာဏစွမ်းရည်ပြိုင်ပွဲနှင့် ပဒေသာကပွဲ ကျင်းပ

တောင်တွင်းကြီး မတ် ၃၁

၂၀၀၉-၂၀၁၀ပညာသင်နှစ် တောင်တွင်းကြီးမြို့နယ် မြို့မမူလတန်းကြိုကျောင်း ချစ်စရာအရွယ် ရင်သွေးငယ်ကလေးများ၏ ဉာဏစွမ်းရည်ပြိုင်ပွဲနှင့် ပဒေသာကပွဲကို ဖေဖော်ဝါရီ ၂၇ရက်က မြို့မမူကြိုကျောင်းခန်းမ၌ ကျင်းပသည်။ **(အောက်ပုံ)**

ပြောကြား

အခမ်းအနားတွင် စေတနာ လူမှုဝန်ထမ်းဦးစီးအရာရှိ ဦးအောင်ကျော်ငြိမ်းက အဖွင့်အမှာစကားပြောကြားပြီး မြို့မမူကြိုကျောင်း ကြီးကြပ်မှုကော်မတီ အတွင်းရေးမှူး ဦးမြဝင်းက ပြိုင်ပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်များ ပြောကြားသည်။

ပေးအပ်ချီးမြှင့်

ထို့နောက် ကျောင်းသား ကျောင်းသူ ရင်သွေးငယ်ကလေး စုစုပေါင်း ၁၅၀တို့ ယှဉ်ပြိုင်ကြသည်။ ဆုရရှိကြသည့် ချစ်စရာအရွယ် ရင်သွေးငယ်ကလေးများအား တာဝန်ရှိသူများနှင့် အလှူရှင် ၂၀တို့က ဂုဏ်ပြုလက်မှတ်နှင့် ဆုများ ပေးအပ်ချီးမြှင့်ကြသည်။

(မြို့နယ် ပြန်/ဆက်)

လယ်ယာစပါး ပြည့်အားထား တားဆီးကာကွယ် မီးရန်စွယ်

ကျေးရွာချင်းဆက်လမ်း ကျောက်ချောခင်း

မွန်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအေးဆွေနှင့် အဖွဲ့ ပေါင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ် ဖြူဘ-သဲကုန်း ကျေးရွာချင်းဆက်လမ်း ကျောက်ချောခင်း ဆောင်ရွက်ထားမှုကို ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးကျော်လှ ရှင်းလင်းတင်ပြစဉ်။ (၁၇၆)

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ-ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား-နားမယောင်လေနဲ့ သတိထား။

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ငုယင်တန်ဒွန်း ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံ

နေပြည်တော် ဧပြီ ၃

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာငုယင်တန်ဒွန်း ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယမန်နေ့ည ၇ နာရီတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။ **(အောက်ပုံ)** *စာမျက်နှာ ၃ ကော်လံ ၁ **